Vol.2 (9), May 2022


Source: Seed Fair 2022

# စိုက်ပျိုးရေး ဈေးကွက်သတင်းလွှာ

## (Agriculture Market Bulletin)

## Market Information System

## စိုက်ပျိုးရေးဦးစီးဌာန

**"တိကျမြန်ဆန် ဈေးကွက်သတင်းမှန် တောင်သူများအတွက် ဖြန့်ဝေရန် စိတ်ချအားထား ဈေးနှုန်းများ တောင်သူများအား ဖြန့်ဝေသွား"**

15th May, 2022

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**
(www.doa.gov.mm/mis/, doamisppme@gmail.com, + ၉၅ ၆၇ ၃၄၁၀၅၃၈)

**ပါဝင်သောအကြောင်းအရာများ**

❖ ဈေးကွက်ဆိုင်ရာ သတင်းအချက်အလက်များ
➢ နှံစားသီးနှံ
➢ ဆီထွက်သီးနှံ
➢ ပဲမျိုးစုံ
➢ စက်မှုကုန်ကြမ်းသီးနှံ
➢ စားဖိုဆောင်သီးနှံ
➢ အသား/ငါးနှင့်ဥအမျိုးမျိုး
❖ ပြည်တွင်းပြည်ပဈေးကွက်နှင့် လယ်ယာသတင်းအချက်အလက်များ

## ဈေးကွက်သတင်းအချက်အလက်များ

- ❖ ပေါ်ဆန်းနှင့် မနောသုခစပါးဈေးနှုန်းများ အနည်းငယ်သာ ဆက်လက်မြင့်တက်နေ
- ❖ ဆီထွက်သီးနှံဖြစ်သည့် နှမ်းနက်၊ မြေပဲနှင့် နေကြာ ဈေးနှုန်းများ အနည်းငယ်ပြောင်းလဲမှုရှိနေ
- ❖ မတ်ပဲ၊ ပဲတီစိမ်းနှင့် ပဲစင်းငုံစသည့် ပြည်ပတင်ပို့သည့် ပဲမျိုးစုံဈေးနှုန်းများ အနည်းငယ်ပြောင်းလဲမှုဖြစ်ပေါ်နေ
- ❖ ဝါ (ချည်မျှင်ရှည်) တစ်ပိဿာဈေးနှုန်းနှင့် ချက်ကြံ တစ်တန် ဈေးနှုန်းဖြစ်ပေါ်မှု
- ❖ ရော်ဘာတစ်ပေါင်ဈေးနှုန်း ဆက်လက်ကျဆင်းလျက်ရှိ
- ❖ ကြက်သွန်နီနှင့် ကြက်သွန်ဖြူ ဈေးနှုန်းများ တည်ငြိမ်လျက်ရှိ
- ❖ ငရုတ်အစိုဈေးနှုန်း တည်ငြိမ်နေသော်လည်း ငရုတ်အခြောက် ဈေးနှုန်းမြင့်တက်လာ
- ❖ ခရမ်းချဉ်ဈေးနှုန်း အနည်းငယ်ပြန်လည်မြင့်တက်လာ
- ❖ မွေးမြူရေးဆိုင်ရာ အသား၊ ဥအမျိုးမျိုးနှင့် ငါး/ ပုဇွန်/ ဂဏန်းအမျိုးမျိုးတို့၏ ဈေးနှုန်းဖြစ်ပေါ်မှု

စာမျက်နှာ ၂ မှ ၄

**စိုက်ပျိုးရေးဆိုင်ရာနိုင်ငံတကာသတင်းများ**

## ပြည်တွင်းပြည်ပလယ်ယာသတင်းများ

- ❖ လွန်ခဲ့သည့် ခြောက်လတာ ဘတ်ဂျက်ကာလ(၂၀၂၁ ခုနှစ် အောက်တိုဘာလမှ ၂၀၂၂ ခုနှစ် မတ်လအထိ)အတွင်း နယ်စပ်မှတစ်ဆင့် ဆန်တင်ပို့မှု အဆမတန်ကျဆင်းခဲ့
- ❖ ပြည်တွင်းဈေးကွက်၌ စိန်တလုံး သရက်သီးတစ်ခြင်းလျှင် (၃၅,၀၀၀)ကျပ်ရရှိနေ
- ❖ ပြည်တွင်းစားအုန်းဆီဈေးနှုန်းသည် ကမ္ဘာ့ဆီဈေးနှုန်းကို အခြေခံကာ ပြန်လည်မြင့်တက်
- ❖ သစ်သီးဝလံများကို အခြောက်ခံပြုပြင်ထုတ်လုပ်ခြင်း လုပ်ငန်းသည် သီရိလင်္ကာသရက်စိုက်ပျိုးသူများအတွက် လုပ်ငန်းကောင်းတစ်ခုကို ဖန်တီးပေးနိုင်ခဲ့
- ❖ အင်ဒိုနီးရှားမှ စားအုန်းဆီတင်ပို့မှုအားလုံးကိုရပ်ဆိုင်းထား
- ❖ ယူကရိန်းပဋိပက္ခများကြောင့် ဓာတ်မြေဩဇာဈေးနှုန်း မြင့်တက်လာရာ ဗီယက်နမ်ကော်ဖီစိုက် တောင်သူများ သည် ကော်ဖီပင်နှင့်တွဲဖက်စိုက်ပျိုးသော ထောပတ်သီး နှင့် ဒူးရင်းသီးများအား ပိုမိုစိုက်ပျိုးလိုစိတ်ဖြစ်ပေါ်လာ
- ❖ ကိုဗစ်-၁၉ အသွားအလာကန့်သတ်မှုများသည် တရုတ် နိုင်ငံ၏ ပြောင်းစိုက်ပျိုးထုတ်လုပ်မှုကို နှောင့်နှေးစေခဲ့
- ❖ အိန္ဒိယနိုင်ငံသည် စားသုံးဆီဈေးနှုန်းမြင့်တက်နေမှုကို လျော့ကျစေရေးအတွက် အခွန်လျှော့ချရန်စီစဉ်လျက်ရှိ

စာမျက်နှာ ၅ မှ ၈

- ♣ မြန်မာ့ပဲမျိုးစုံ တင်ပို့မှုအခြေအနေ
- ♣ ဆန်နှင့် စားသုံးဆီဈေးနှုန်းများ
- ♣ စိုက်ပျိုးရေးသွင်းအားစုဈေးနှုန်းများ

စာမျက်နှာ ၈ မှ ၈

# ဈေးကွက်သတင်း အချက်အလက်များ

## နံ့စားသီးနှံ







### ပေါ်ဆန်းမွှေးနှင့် မနောသုခစပါး

- မေလပထမ(၁၅)ရက်အတွင်း၌ ပေါ်ဆန်းစပါး၏ ဈေးကွက်အတွင်း ပျမ်းမျှတစ်တင်းဈေးနှုန်းမှာ(၁၄၃၃၃)ကျပ်ရှိနေပြီး တစ်တင်းလျှင် (၁၇၀၀၀)ကျပ်ဖြင့် ဈေးနှုန်းအမြင့်ဆုံးဖြစ်နေပါသည်။ ဧပြီလဒုတိယ(၁၅)ရက်နှင့်နှိုင်း ယှဉ်ပါက ဈေးကွက်အတွင်း တစ်တင်းလျှင် ၂၀၀၀ ကျပ်(၁၃%)ခန့်သာ ဈေးနှုန်းအနည်းငယ်မြင့်တက်လျက်ရှိပြီး အချို့ဈေးကွက်များတွင် ဈေးနှုန်းတည်ငြိမ်နေသည်ကို တွေ့ရှိရပါသည်။
- မေလပထမ(၁၅)ရက်အတွင်း မနောသုခစပါး၏ ဈေးကွက်အတွင်း ပျမ်းမျှတစ်တင်းဈေးနှုန်းမှာ (၈၅၀၀)ကျပ်ရှိနေပြီး တစ်တင်းလျှင် (၉၅၀၀)ကျပ်ဖြင့် ဈေးနှုန်းအမြင့်ဆုံးဖြစ်နေပါသည်။ ဧပြီလဒုတိယ(၁၅)ရက်နှင့်နှိုင်းယှဉ်ပါ က ဈေးကွက်အချို့၌ တစ်တင်းလျှင် ၁၀၀၀ကျပ်(၁၁%)ခန့်သာ ဈေးနှုန်းအနည်းငယ်မြင့်တက်လျက်ရှိသော်လည်း အချို့ဈေးကွက်များ၌ ဈေးနှုန်းပြောင်းလဲမှုမရှိသည်ကို တွေ့ရှိရပါသည်။
- မေလပထမ(၁၅)ရက်အတွင်း စပါးဈေးနှုန်းအခြေအနေမှာ ဈေးကွက်အတွင်းသို့ စပါးအသစ်များ ဝင်ရောက်လာသော်လည်း ဈေးကောင်းမရရှိသေးဘဲ အရောင်းအဝယ်အေးနေခြင်းကြောင့် စပါးဈေးနှုန်းမှာ အနည်းငယ်ပြောင်းလဲမှုရှိနေခြင်းဖြစ်ကြောင်း သိရှိရပါသည်။

### အစေ့ထုတ်ပြောင်း




- မေလပထမ(၁၅)ရက်၌ ဈေးကွက်အတွင်း အစေ့ထုတ်ပြောင်း၏ ပျမ်းမျှတစ်တင်းဈေးနှုန်းမှာ (၁၃၈၇၅)ကျပ်ရှိနေပြီး ဈေးနှုန်းအမြင့်ဆုံးအနေဖြင့် တစ်တင်းလျှင် (၁၇၀၀၀)ကျပ် ရှိနေပါသည်။ ယခင်(၁၅)ရက်ဈေးနှုန်းနှင့်နှိုင်းယှဉ်ပါက စစ်ကိုင်းနှင့် ကချင်ပြည်နယ်တို့၌ တစ်တင်းလျှင် ၆၀၀၀ကျပ်(၃၅%)နှင့် ၁၀၀၀ကျပ်(၆%) အသီးသီး ဈေးနှုန်းကျဆင်းသွားပြီး ကျန်ဈေးကွက်များ၌ ဈေးနှုန်းပြောင်းလဲမှုမရှိပါ။ အစေ့ထုတ်ပြောင်းဈေးနှုန်းအခြေအနေမှာ ထိုင်းနိုင်ငံသို့ ယခုနှစ် ဩဂုတ်လကုန်အထိ အခွန်ကင်းလွတ်ခွင့်ဖြင့် တင်ပို့ခွင့်ရှိနေပြီး တရုတ်သို့လည်း ပြန်လည်တင်ပို့မှုရှိလာခြင်းတို့ကြောင့် ပုံမှန်အရောင်းအဝယ်ဖြင့် ယခင်(၁၅)ရက်၌ဖြစ်ပေါ်သော အမြင့်ဈေးနှုန်းဖြင့်ပင် ဈေးနှုန်းတည်ငြိမ်နေခြင်းဖြစ်ကြောင်း သိရှိရပါသည်။

# ဆီထွက်သီးနှံဈေးနှုန်းများ

## နှမ်း၊ မြေပဲ၊ နေကြာ

- မေလပထမ(၁၅)ရက်၌ ဈေးကွက်အတွင်း နှမ်းနက် ပျမ်းမျှတစ်တင်းဈေးနှုန်းမှာ (၆၁၃၄၅)ကျပ်ရှိနေပြီး ဈေးနှုန်းအမြင့်ဆုံးအနေဖြင့် တစ်တင်းလျှင် (၇၁၀၀၀)ကျပ် ရှိနေပါသည်။ ယခင်(၁၅)ရက်ဈေးနှုန်းနှင့် နှိုင်းယှဉ်ကြည့်လျှင် ဈေးကွက်အချို့တွင် တစ်တင်းလျှင် ၁၀၀၀ကျပ်မှ ၁၀၀၀၀ကျပ် (၁%မှ ၁၆%)ခန့်အတွင်း ဈေးနှုန်းမြင့်တက်လျက်ရှိပြီး အချို့ဈေးကွက်များတွင် တစ်တင်းလျှင် ပျမ်းမျှ(၈၀၀၀)ကျပ်ခန့် ဈေးနှုန်းကျဆင်းကာ အချို့ဈေးကွက်များ၌ ဈေးနှုန်းပြောင်းလဲမှုမတွေ့ရှိရပါ။
- မြေပဲ(အခွံပါ)ဈေးနှုန်းမှာ မေလပထမ(၁၅)ရက်အတွင်း တစ်တင်းလျှင် (၂၅၀၀၀)ကျပ်ဖြင့် ဈေးကွက်အတွင်း ဈေးနှုန်းအမြင့်ဆုံးဖြစ်နေပါသည်။ ယခင် (၁၅)ရက်ဈေးနှုန်းနှင့်နှိုင်းယှဉ်ပါက မကွေးဈေးကွက်၌သာ တစ်တင်းလျှင် ၃၀၀၀ကျပ်(၁၈%)ခန့် ဈေးနှုန်းကျဆင်းသွားပြီး ဈေးကွက်အချို့တွင် တစ်တင်းလျှင် ၁၀၀၀ကျပ်မှ ၆၅၀၀ကျပ်(၅% မှ ၃၅%)ခန့်အတွင်း ဈေးနှုန်းမြင့်တက်ကာ အချို့ဈေးကွက်များ၌ ဈေးနှုန်းပြောင်းလဲမှုမတွေ့ရှိရပါ ။
- မေလပထမ(၁၅)ရက်အတွင်း နေကြာတစ်တင်း ပျမ်းမျှဈေးနှုန်းအနေဖြင့်(၂၇၀၅၀)ကျပ်ရှိနေပြီး ဈေးနှုန်းအမြင့်ဆုံးအနေဖြင့် တစ်တင်းလျှင် (၃၅၀၀၀)ကျပ်ရှိနေပါသည်။ ယခင်(၁၅)ရက်ဈေးနှုန်းနှင့်နှိုင်းယှဉ်ပါက မန္တလေးဈေးကွက်၌ တစ်တင်းလျှင် ၁၈၀၀ကျပ်(၇%)ခန့် ဈေးနှုန်းမြင့်တက်လာပြီး စစ်ကိုင်းနှင့် မကွေးဈေးကွက်တို့၌ တစ်တင်းလျှင် ၂၀၀၀ကျပ်(၆%)နှင့် ၅၀၀၀ကျပ်(၁၆%)ခန့်အသီးသီး ဈေးနှုန်းလျော့ကျလျက်ရှိပါသည်။




| ဈေးကွက်အမည် | မြေပဲ(အခွံပါ)ဈေးနှုန်း (ကျပ်/တင်း) | | |
|---|---|---|---|
| | ဧပြီလ ဒုတိယ(၁၅)ရက် | မေလ ပထမ (၁၅)ရက် | ခြားနားချက်(%) |
| နေပြည်တော် | ၂၅၀၀၀ | ၂၅၀၀၀ | ၀.၀၀ |
| ရန်ကုန် | ၂၂၄၀၀ | ၂၂၄၀၀ | ၀.၀၀ |
| မန္တလေး | ၁၅၅၀၀ | ၁၈၅၀၀ | (+)၁၉.၃၅ |
| မကွေး | ၁၆၀၀၀ | ၁၃၀၀၀ | (-)၁၈.၇၅ |
| ပဲခူး | ၂၅၀၀၀ | ၂၅၀၀၀ | ၀.၀၀ |
| စစ်ကိုင်း | ၁၈၅၀၀ | ၂၅၀၀၀ | (+)၃၅.၁၄ |
| ကချင် | ၂၀၀၀၀ | ၂၀၀၀၀ | ၀.၀၀ |
| ကရင် | ၁၆၀၀၀ | ၁၆၀၀၀ | ၀.၀၀ |
| ရခိုင် | ၁၈၀၀၀ | ၁၉၀၀၀ | (+)၅.၅၆ |
| ရှမ်း | ၁၆၀၀၀ | ၁၆၀၀၀ | ၀.၀၀ |



# ပဲမျိုးစုံ ဈေးကွက်

## ပဲတီစိမ်း




## မတ်ပဲ

| ဈေးကွက်အမည် | မတ်ပဲဈေးနှုန်း (ကျပ်/တင်း) | | |
|---|---|---|---|
| | ဧပြီလ ဒုတိယ (၁၅)ရက် | မေလ ပထမ (၁၅)ရက် | ခြားနားချက်(%) |
| နေပြည်တော် | ၅၂၀၀၀ | ၄၇၀၀၀ | (-)၉.၆၂ |
| ရန်ကုန် | ၆၀၀၀၀ | ၅၈၀၀၀ | (-)၃.၃၃ |
| မန္တလေး | ၄၈၅၀၀ | ၄၇၅၀၀ | (-)၂.၀၆ |
| မကွေး | ၄၈၀၀၀ | ၄၈၀၀၀ | ၀.၀၀ |
| ဧရာဝတီ | ၄၇၀၀၀ | ၄၇၀၀၀ | ၀.၀၀ |
| ပဲခူး | ၅၀၀၀၀ | ၅၀၀၀၀ | ၀.၀၀ |
| စစ်ကိုင်း | ၄၀၅၀၀ | ၄၁၅၀၀ | (+)၂.၄၇ |
| ကချင် | ၄၀၀၀၀ | ၄၅၀၀၀ | (+)၁၂.၅၀ |
| ကရင် | ၃၁၀၀၀ | ၃၁၀၀၀ | ၀.၀၀ |
| မွန် | ၄၇၀၀၀ | ၄၆၀၀၀ | (-)၂.၁၃ |
| ရခိုင် | ၄၀၀၀၀ | ၄၅၀၀၀ | (+)၁၂.၅၀ |

## ပဲတီစိမ်းနှင့်မတ်ပဲ

- မေလပထမ(၁၅)ရက်အတွင်း ပဲတီစိမ်းတစ်တင်းပျမ်းမျှဈေးနှုန်းမှာ (၄၆၉၁၇)ကျပ်ဖြစ်ပြီး ဈေးနှုန်းအမြင့်ဆုံးအနေဖြင့် တစ်တင်းလျှင် (၅၉၀၀၀)ကျပ် ရှိနေပါသည်။ ဧပြီလဒုတိယ(၁၅)ရက်နှင့် နှိုင်းယှဉ်ပါ က အချို့ဈေးကွက်များတွင် တစ်တင်းလျှင် ၁၀၀၀ကျပ်မှ ၃၅၀၀ ကျပ်(၂%မှ ၈%)ခန့်အတွင်း ဈေးနှုန်းအနည်းငယ် လျော့ကျလျက်ရှိပြီး ဈေးကွက်အချို့တွင် တစ်တင်းလျှင် ၄၀၀၀ကျပ်မှ ၈၀၀၀ကျပ် (၈%မှ ၁၉%)ခန့်အတွင်း ဈေးနှုန်းမြင့်တက်လာကာ ဈေးကွက်အချို့၌ ဈေးနှုန်းတည်ငြိမ်လျက်ရှိနေပါသည်။
- မေလပထမ(၁၅)ရက်အတွင်း မတ်ပဲတစ်တင်းပျမ်းမျှဈေးနှုန်းမှာ (၄၆၀၀၀)ကျပ်ဖြစ်ပြီး ဈေးနှုန်းအမြင့်ဆုံးအနေဖြင့် တစ်တင်းလျှင် (၅၈၀၀၀)ကျပ် ရှိနေပါသည်။ ယခင်(၁၅)ရက်ဈေးနှုန်းနှင့်နှိုင်းယှဉ်ပါက ကချင်နှင့် ရခိုင်ပြည်နယ်တို့၌ တစ်တင်းလျှင် ၅၀၀၀ကျပ်(၁၂%)ခန့် ဈေးနှုန်းမြင့်တက်လာပြီး အချို့ဈေးကွက်၌ တစ်တင်းလျှင် ၁၀၀၀ကျပ်မှ ၅၀၀၀ကျပ်(၂%မှ ၉%)ခန့်အတွင်း ဈေးနှုန်းလျော့ကျကာ အချို့ဈေးကွက်များတွင် ဈေးနှုန်း ပြောင်းလဲမှု မရှိပါ။
- မေလပထမ(၁၅)ရက်အတွင်း ပဲစင်းငုံတစ်တင်းပျမ်းမျှဈေးနှုန်းမှာ (၄၄၇၇၈)ကျပ်ဖြစ်ပြီး ဈေးနှုန်းအမြင့်ဆုံးအနေဖြင့် တစ်တင်းလျှင် (၅၀၀၀၀)ကျပ် ရှိနေပါသည်။ ယခင်(၁၅)ရက်နှင့်နှိုင်းယှဉ်ပါက ဈေးကွက်အချို့တွင် တစ်တင်းလျှင် ၁၀၀၀ကျပ်မှ ၅၀၀၀ကျပ် (၂%မှ ၁၁%) ခန့်အတွင်း ဈေးနှုန်းအနည်းငယ်မြင့်တက်ခဲ့သည်မှလွဲ၍ ဈေးကွက်အများစုတွင် အမြင့်ဈေးနှုန်းဖြင့်ပင် ဈေးနှုန်း တည်ငြိမ်လျက် ရှိပါသည်။
- မေလပထမ(၁၅)ရက်အတွင်း မတ်ပဲဈေးနှုန်းသည် ဈေးကွက်အတွင်းဝင်ရောက်မှုနှင့် ငွေကြေးဈေးနှုန်း ပြောင်းလဲမှုပေါ်မူတည်၍ အရောင်းအဝယ်ပြုလုပ်နေခြင်း၊ ပဲတီစိမ်းဈေးနှုန်းသည် ဈေးကွက်အတွင်းဝင်ရောက်မှု ရှိနေပြီး လက်ကျန်နည်းပါးနေခြင်းကြောင့် အရောင်းအဝယ်ရှိလာခြင်း၊ ပဲစင်းငုံဈေးနှုန်းသည် အရောင်းအဝယ်အေးနေခြင်းတို့ကြောင့် ပြည်ပတင်ပို့လျက်ရှိသည့် ပဲမျိုးစုံဈေးနှုန်းများ အနည်းငယ်ပြောင်းလဲမှုဖြစ်ပေါ်နေခြင်းဖြစ်ကြောင်း သိရှိရပါသည်။

## ပဲစင်းငုံ




# စက်မှုကုန်ကြမ်းသီးနှံ

## ဝါ (ချည်မျှင်ရှည်)




❖ မေလပထမ(၁၅)ရက်အတွင်း ဝါ (ချည်မျှင်ရှည်) တစ်ပိဿာဈေးနှုန်းမှာ (၂၂၀၀)ကျပ်ဖြင့် ဈေးနှုန်းအမြင့်ဆုံးဖြစ်နေပြီး တစ်ပိဿာပျမ်းမျှဈေးနှုန်းသည် (၁၉၅၀) ကျပ် ရှိနေပါသည်။ ဧပြီလဒုတိယ(၁၅)ရက်နှင့်နှိုင်းယှဉ်ပါ က ဈေးကွက်အတွင်း ဝါတစ်ပိဿာဈေးနှုန်းသည် ၂၀၀ကျပ်ခန့်သာ ဈေးနှုန်းအများဆုံးမြင့်တက်ခဲ့ပြီး ၃၅၀ ကျပ်ခန့် ဈေးနှုန်းအများဆုံး ကျဆင်းလျက်ရှိပါ သည်။ ဈေးကွက်အတွင်း ဈေးနှုန်းအမြင့်ဆုံးနှင့် အနိမ့်ဆုံး ကွာခြားမှုအနေဖြင့် တစ်ပိဿာလျှင်(၅၀၀)ကျပ်ဖြစ်ပါ သည်။

## ချက်ကြဲ

✚ မေလပထမ(၁၅)ရက်အတွင်း ချက်ကြဲတစ်တန် ပျမ်းမျှ ဈေးနှုန်းသည် (၅၄၉၃၈)ကျပ်ရှိနေပြီး ဈေးနှုန်းအမြင့် ဆုံးနှင့်အနိမ့်ဆုံးကွာခြားမှုအနေဖြင့် တစ်တန်လျှင် (၁၉၅၀၀)ကျပ်ရှိနေပါသည်။ ယခင် (၁၅)ရက်ဈေးနှုန်းနှင့် နှိုင်းယှဉ်ကြည့်လျှင် ဒေသအသီးသီး၌ ချက်ကြဲဈေးနှုန်း တည်ငြိမ်သွားသည်ကိုတွေ့ရှိရပြီး မန္တလေးဒေသ၌သာ တစ်တန်လျှင် (၂၀၀၀)ကျပ် ဈေးနှုန်းအနည်းငယ်မြင့် တက်ခဲ့ခြင်းဖြစ်ပါသည်။




## ရော်ဘာ

မေလပထမ(၁၅)ရက်အတွင်း RSS-3 ရော်ဘာ တစ်ပေါင်ဈေးနှုန်း ပြောင်းလဲမှုအခြေအနေ




Source: Perennial Crops Division, DoA

✚ RSS-3 ရော်ဘာတစ်ပေါင်ဈေးနှုန်းသည် မေလပထမ (၁၅)ရက်အတွင်း၌ တနင်္သာရီဒေသတွင် (၁၂၃၂)ကျပ်မှ (၁၂၉၅)ကျပ်အတွင်း၊ မွန်ပြည်နယ်တွင် (၁၀၁၆) ကျပ်မှ (၁၀၉၅)ကျပ်အတွင်း၊ ကရင်ပြည်နယ်တွင် (၁၀၇၇) ကျပ်မှ (၁၁၂၀)ကျပ်အတွင်း အသီးသီးဈေးနှုန်း ဖြစ် ပေါ်လျက်ရှိပြီး ဒေသသုံးခု၏ပျမ်းမျှဈေးနှုန်းအနေဖြင့် တစ်ပေါင်လျှင်(၁၁၄၁)ကျပ် ရှိနေပါသည်။

✚ မေလပထမ(၁၅)ရက်အတွင်း ရော်ဘာဈေးနှုန်းအခြေ အနေမှာ ဧပြီလဒုတိယ(၁၅)ရက်နှင့်နှိုင်းယှဉ်ပါက တစ် ပေါင် ပျမ်းမျှဈေးနှုန်းသည် တနင်္သာရီဒေသ၌ (၄၂) ကျပ် ခန့်၊ မွန်ပြည်နယ်၌ (၃၉)ကျပ်ခန့်နှင့် ကရင်ပြည်နယ်၌ (၃၃)ကျပ်ခန့်ဖြင့် ဈေးနှုန်းများ ဆက်လက်လျော့ကျ လျက်ရှိသည်ကို တွေ့ရှိရပါသည်။

# စားဖိုဆောင်သီးနှံ

## ကြက်သွန်နီ




❖ မေလပထမ(၁၅)ရက်အတွင်း ကြက်သွန်နီ တစ်ပိဿာ ပျမ်းမျှဈေးနှုန်းမှာ (၁၁၄၆)ကျပ် ရှိနေပြီး ဈေးနှုန်းအမြင့်ဆုံးအနေဖြင့် တစ်ပိဿာလျှင်(၁၅၀၀)ကျပ် ရှိနေပါသည်။ ယခင်(၁၅)ရက်ဈေးနှုန်းနှင့် နှိုင်းယှဉ်ပါက စစ်ကိုင်း၊ မွန်နှင့် ရခိုင်တို့တွင် တစ်ပိဿာလျှင် ပျမ်းမျှ ၂၀%ခန့် ဈေးနှုန်းမြင့်တက်ခဲ့သော်လည်း နေပြည်တော်နှင့် ကချင်တို့၌ တစ်ပိဿာလျှင် ပျမ်းမျှ ၂၀%ခန့် ဈေးနှုန်းလျော့ကျခဲ့ပြီး ဈေးကွက်အများစုတွင် ဈေးနှုန်း ပြောင်းလဲမှု မရှိသည်ကို တွေ့ရှိရပါသည်။

## ကြက်သွန်ဖြူ

| ဈေးကွက်အမည် | ကြက်သွန်ဖြူဈေးနှုန်း (ကျပ်/ပိဿာ) | | |
|---|---|---|---|
| | ဧပြီလ ဒုတိယ (၁၅)ရက် | မေလ ပထမ (၁၅)ရက် | ခြားနားချက်(%) |
| နေပြည်တော် | ၄၀၀၀ | ၄၀၀၀ | ၀.၀၀ |
| ရန်ကုန် | ၅၀၀၀ | ၅၀၀၀ | ၀.၀၀ |
| မန္တလေး | ၂၇၀၀ | ၃၇၀၀ | (+)၃၇.၀၄ |
| မကွေး | ၃၅၀၀ | ၃၅၀၀ | ၀.၀၀ |
| ပဲခူး | ၅၀၀၀ | ၅၀၀၀ | ၀.၀၀ |
| ဧရာဝတီ | ၃၅၀၀ | ၃၅၀၀ | ၀.၀၀ |
| စစ်ကိုင်း | ၃၅၀၀ | ၅၅၀၀ | (+)၅၇.၁၄ |
| တနင်္သာရီ | ၇၀၀၀ | ၅၀၀၀ | (-)၂၈.၅၇ |
| ကချင် | ၆၀၀၀ | ၆၀၀၀ | ၀.၀၀ |
| ကရင် | ၄၅၀၀ | ၄၅၀၀ | ၀.၀၀ |
| မွန် | ၅၂၀၀ | ၆၀၀၀ | (+)၁၅.၃၈ |
| ရခိုင် | ၈၀၀၀ | ၈၀၀၀ | ၀.၀၀ |
| ရှမ်း | ၄၀၀၀ | ၄၀၀၀ | ၀.၀၀ |

○ မေလပထမ(၁၅)ရက်အတွင်း ကြက်သွန်ဖြူ ပျမ်းမျှ တစ်ပိဿာဈေးနှုန်းမှာ (၄၉၀၀)ကျပ် ရှိနေပါသည်။ ယခင်(၁၅)ရက်ဈေးနှုန်းနှင့်နှိုင်းယှဉ်ပါက မန္တလေး၊ စစ်ကိုင်းနှင့်မွန်ပြည်နယ်ဈေးကွက်တို့၌ တစ်ပိဿာလျှင် ၈၀၀ကျပ်မှ ၂၀၀၀ကျပ် (၁၅%မှ ၅၇%)ခန့်အတွင်း ဈေးနှုန်းမြင့်တက်ခဲ့သော်လည်း ဈေးကွက်အများစုတွင် ဈေးနှုန်းတည်ငြိမ်လျက် ရှိနေပါသည်။

## ခရမ်းချဉ်




○ မေလပထမ(၁၅)ရက်အတွင်း ခရမ်းချဉ်တစ်ပိဿာ ပျမ်းမျှဈေးနှုန်းမှာ (၈၃၈)ကျပ်သာရှိနေပါ သည်။ ယခင်(၁၅)ရက်ဈေးနှုန်းနှင့် နှိုင်းယှဉ်ပါက အချို့ဈေးကွက်များတွင် တစ်ပိဿာလျှင် ၁၀၀ ကျပ်မှ ၃၀၀ကျပ် အတွင်း ဈေးနှုန်းအနည်းငယ် ပြန်လည်မြင့်တက်လာပြီး အချို့ဈေးကွက်များ၌ ယခင်(၁၅)ရက်အတွင်းဖြစ်ပေါ်လျက်ရှိသော အကျဈေးနှုန်းဖြင့်ပင် ဈေးနှုန်းတည်ငြိမ်နေသည်ကို တွေ့ရှိရပါသည်။

## ငရုတ်(အစိမ်း)




○ ငရုတ်(အစိမ်း)ဈေးနှုန်းမှာ မေလပထမ(၁၅)ရက်၌ ဈေးကွက်အတွင်း တစ်ပိဿာလျှင် (၅၀၀၀)ကျပ်ဖြင့် ဈေးနှုန်းအမြင့်ဆုံးရှိနေပြီး ယခင်(၁၅)ရက်ဈေးနှုန်းနှင့် နှိုင်းယှဉ်ပါက နေပြည်တော်၌ တစ်ပိဿာလျှင် ၃၀၀၀ ကျပ်ခန့် ဈေးနှုန်းအများဆုံးမြင့်တက်လာသော်လည်း ဈေးကွက်အများစုတွင် ဈေးနှုန်းတည်ငြိမ်နေပါသည်။

## ငရုတ်(အခြောက်)

○ ငရုတ်(အခြောက်)ဈေးနှုန်းမှာ မေလပထမ(၁၅)ရက် အတွင်း တစ်ပိဿာလျှင် (၁၂၀၀၀)ကျပ်ဖြင့် ဈေးနှုန်း အမြင့်ဆုံးရှိနေပါသည်။ယခင်(၁၅)ရက်ဈေးနှုန်းနှင့်နှိုင်း ယှဉ်ပါက ကချင်နှင့်ရခိုင်ဈေးကွက်တို့၌ တစ်ပိဿာလျှင် ၁၀၀၀ ကျပ်မှ ၃၀၀၀ကျပ် ဈေးနှုန်းလျော့ကျလျက်ရှိပြီး အချို့ဈေးကွက်များတွင် တစ်ပိဿာလျှင် ၈၀၀ ကျပ်မှ ၄၀၀၀ကျပ်ခန့်အတွင်း ဈေးနှုန်းမြင့်တက်လျက် ရှိပါသည်။




# အသား/ ငါးနှင့် ဥအမျိုးမျိုး

### ၂၀၂၂ခုနှစ် မေလပထမ(၁၅)ရက်အတွင်း ဈေးနှုန်းဖြစ်ပေါ်မှုအခြေအနေ

| အမျိုးအမည် | ရေတွက်ပုံ | ဈေးကွက်ပေါက်ဈေး(ကျပ်/ယူနစ်) | | | |
|---|---|---|---|---|---|
| | | နေပြည်တော် | ရန်ကုန် | မန္တလေး | ရခိုင် |
| **ငါးအမျိုးမျိုး** | | | | | |
| ငါးသလောက် | ပိဿာ | ၁၈၀၀၀ | ၄၀၀၀၀ | ၂၂၀၀၀ | ၁၅၀၀၀ |
| ငါးကြင်း(ဖြူ) | ॥ | ၁၀၀၀၀ | ၁၀၀၀၀ | ၈၀၀၀ | - |
| ငါးကြင်း(နီ) | ॥ | ၉၀၀၀ | ၅၀၀၀ | ၃၅၀၀ | - |
| ငါးမြင်း | ॥ | ၇၀၀၀ | - | - | - |
| ငါးတန် | ॥ | ၉၀၀၀ | ၈၀၀၀ | ၃၅၀၀ | ၁၃၀၀၀ |
| ငါးခူ | ॥ | ၁၃၀၀၀ | ၁၅၀၀၀ | ၈၀၀၀ | ၁၄၀၀၀ |
| ငါးကျည်း | ॥ | ၁၅၀၀၀ | ၁၅၀၀၀ | ၈၀၀၀ | - |
| ငါးရံ့ | ॥ | ၁၂၀၀၀ | ၁၃၀၀၀ | - | ၁၀၀၀၀ |
| ကကတစ် | ॥ | ၂၀၀၀၀ | ၁၃၀၀၀ | - | ၁၇၀၀၀ |
| တီလားပီးယား | ॥ | ၅၀၀၀ | ၆၀၀၀ | ၄၅၀၀ | ၇၀၀၀ |
| ပြည်ကြီးငါး | ॥ | ၃၂၀၀၀ | ၃၀၀၀၀ | - | ၁၀၀၀၀ |
| ကင်းမွန် | ॥ | ၁၅၀၀၀ | ၂၀၀၀၀ | - | ၁၀၀၀၀ |
| **ပုဇွန်အမျိုးမျိုး** | | | | | |
| ပုစွန်ထုပ်ကြီး | ॥ | ၃၅၀၀၀ | ၃၆၀၀၀ | ၃၀၀၀၀ | ၄၅၀၀၀ |
| ပုစွန်ကျော် | ॥ | ၁၈၀၀၀ | ၁၂၀၀၀ | ၂၀၀၀၀ | ၁၇၀၀၀ |
| ပုစွန်ဆိတ် | ॥ | ၇၀၀၀ | ၁၀၀၀၀ | ၉၀၀၀ | ၁၀၀၀၀ |
| **ကဏန်းအမျိုးမျိုး** | | | | | |
| ကဏန်းပျော့ | ॥ | ၁၆၀၀၀ | - | ၁၀၀၀၀ | ၂၂၀၀၀ |
| ကဏန်းမာ | ॥ | ၈၀၀၀ | ၁၅၀၀၀ | ၈၀၀၀ | ၉၀၀၀ |
| **အသားအမျိုးမျိုး** | | | | | |
| ကြက်(စီပီ) | ပိဿာ | ၁၃၀၀၀ | ၈၀၀၀ | ၉၀၀၀ | ၆၅၀၀ |
| ကြက်(ဒေသ) | ॥ | ၁၄၀၀၀ | ၁၅၀၀၀ | ၁၂၀၀၀ | ၁၂၀၀၀ |
| ဘဲ | ॥ | ၁၃၀၀၀ | ၉၀၀၀ | ၇၀၀၀ | ၁၄၀၀၀ |
| ဝက် | ॥ | ၁၃၅၀၀ | ၁၂၀၀၀ | ၁၄၀၀၀ | ၁၆၀၀၀ |
| အမဲ | ॥ | ၁၄၀၀၀ | ၁၅၀၀၀ | ၁၄၅၀၀ | ၂၀၀၀၀ |
| ဆိတ် | ॥ | ၁၅၀၀၀ | ၂၈၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ |
| **ဥအမျိုးမျိုး** | | | | | |
| ကြက်ဥ | လုံး | ၁၆၀ | ၁၅၀ | ၁၅၀ | ၂၅၀ |
| ဘဲဥ | ॥ | ၁၈၀ | ၂၅၀ | ၂၀၀ | ၂၅၀ |
| ငုံးဥ | ॥ | ၃၀ | ၃၀ | ၃၀ | ၅၀ |

Source: ငါးလုပ်ငန်းဦးစီးဌာနနှင့် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန

# ပြည်တွင်း ပြည်ပ လယ်ယာသတင်းများ

## ပြည်တွင်းသတင်းများ

### လွန်ခဲ့သည့် ခြောက်လတာ ဘတ်ဂျက်ကာလ (၂၀၂၁ ခုနှစ် အောက်တိုဘာလမှ ၂၀၂၂ ခုနှစ် မတ်လအထိ)အတွင်း နယ်စပ်မှတစ်ဆင့် ဆန်တင်ပို့မှု အဆမတန်ကျဆင်းခဲ့

- ❖ မူဆယ်နယ်စပ်ကုန်သွယ်ရေးစခန်းမှတစ်ဆင့် တရုတ်နိုင်ငံသို့ နေ့စဉ်ဆန်နှင့် ဆန်ကွဲအိတ်ပေါင်း (၁၀,၀၀၀) ခန့်တင်ပို့လျက်ရှိပြီး တရုတ်နိုင်ငံသို့ တင်ပို့မှုပမာဏမှာ တစ်ရက်လျှင် ဆန်အိတ်ပေါင်း(၆၀,၀၀၀)ခန့်ရှိကြောင်း၊
- ❖ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၏ ပြောကြားချက်အရ နယ်စပ်ဂိတ်များမှတစ်ဆင့် ဆန်နှင့် ဆန်ကွဲတင်ပို့မှုမှာ သိသိသာသာကျဆင်းသွားခဲ့ကြောင်း၊ လွန်ခဲ့သည့် ခြောက်လတာ ဘတ်ဂျက်ကာလဖြစ်သော ၂၀၂၁ ခုနှစ် အောက်တိုဘာလမှ ၂၀၂၂ ခုနှစ် မတ်လအတွင်း ဆန်နှင့်ဆန်ကွဲတန်ချိန်ပေါင်း (၁.၄)သန်းတင်ပို့ခဲ့ကြောင်း၊ ပင်လယ်ရေကြောင်းလမ်းမှ တန်ချိန်စုစုပေါင်း(၁.၃) သန်း ကုန်သွယ်နိုင်ခဲ့သော်လည်း နယ်စပ်ဂိတ်များတွင်မူ တန်ချိန်စုစုပေါင်း(၇၆,၀၀၀)တန်သာ ကုန်သွယ်နိုင်ခဲ့ပါကြောင်း၊
- ❖ တရုတ်နိုင်ငံအနေဖြင့် ဗိုင်းရပ်စ်ကာကွယ်ရေး မူဝါဒများကြောင့် မူဆယ်နယ်စပ်ဂိတ်မှတဆင့် ဖြတ်ကျော်ဝင်ရောက်လာသော မြန်မာ့ကုန်တင်ယာဉ်များနှင့် ယာဉ်မောင်းများကို ဝင်ရောက်ခွင့်တားမြစ်ထားကြောင်း၊ ယခုအချိန်တွင် မြန်မာနိုင်ငံမှကုန်ပစ္စည်းများ တရုတ်နိုင်ငံသို့ပို့ဆောင်ရန် ကျင်စန်းကျော့ဂိတ်မှတစ်ဆင့်သာ ခရီးတိုကုန်တင်ယာဉ်ဝန်ဆောင်မှု ရှိနေကြောင်း၊
- ❖ မြန်မာယာဉ်မောင်းများ တရုတ်နိုင်ငံသို့ဝင်ရောက်ရန် အမှန်တကယ်ပေးရသည့်ငွေမှာ ကျပ်ငွေ(၇)သိန်းမှ (၈) သိန်းသာရှိသော်လည်း တရုတ်နိုင်ငံ၏ ခရီးတိုကုန်တင်ယာဉ်ခသည် ကုန်တင်ယာဉ်တစ်စီးလျှင် ကျပ်ငွေ(၁၀) သိန်းအထိ အဆမတန်မြင့်တက်ခဲ့သဖြင့် ဆန်တင်ပို့သူကုန်သည်ကြီးများမှ ငြီးငြူခဲ့ကြကြောင်း၊
- ❖ ယခင်ကတရုတ်သို့ ဆန်နှင့်ဆန်ကွဲတင်ပို့မှုမှာ တစ်ရက်လျှင် အိတ်ပေါင်း (၆၀,၀၀၀)နီးပါး တင်ပို့နိုင်ခဲ့သော်လည်း မူဆယ်နယ်စပ်ဂိတ်ကိုဖြတ်၍ ဆန်နှင့်ဆန်ကွဲတင်ပို့မှုမှာ တစ်ရက်လျှင် အိတ်ပေါင်း(၁၀,၀၀၀)ခန့်သာရှိကြောင်း၊
- ❖ လွန်ခဲ့သည့်ခြောက်လတာဘတ်ဂျက်ကာလတွင် နယ်စပ်ဂိတ်မှ ကုန်သွယ်မှုမှာ တန်ချိန်ပေါင်း (၇၆,၀၀၀)သာရှိခဲ့ကြောင်း၊ တရုတ်နိုင်ငံသည် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် မူဆယ်နယ်စပ်ဂိတ်နှင့် ချိတ်ဆက်ထားသော စစ်ဆေးရေးဂိတ်များကို ပိတ်ခဲ့ကြောင်း၊
- ❖ ကျင်စန်းကျော့စစ်ဆေးရေးဂိတ်သည် နိုဝင်ဘာ(၂၆)ရက်နေ့မှစ၍ ကုန်သွယ်မှုလုပ်ငန်းစဉ်များ ပြန်လည်လုပ်ကိုင်ခဲ့ပါကြောင်း၊ မြန်မာနိုင်ငံမှ ရာဘာ၊ ပဲမျိုးစုံ၊ ဆီးသီးခြောက်၊ ဖရဲသီး၊ သခွားမွှေးသီး၊ ဖရုံသီးနှင့် အခြားစားသောက်ကုန်များကို ကျင်စန်းကျော့ဂိတ်မှဖြတ်၍ တရုတ်နိုင်ငံသို့ နေ့စဉ်ပို့ဆောင်ပေးလျက်ရှိကြောင်း၊
- ❖ မြန်မာ့ဆန်များကို နိုင်ငံခြားဈေးကွက်(၁၃)ခုသို့ တင်ပို့လျက်ရှိပြီး အဓိကအားဖြင့် အိုင်ဗရီကိုစ့်နိုင်ငံသို့ တန်ချိန်ပေါင်း (၄၀၀,၀၀၀)တန် တင်ပို့ခဲ့ကာ တရုတ်နိုင်ငံသို့ တန်ချိန်ပေါင်း (၂၂၀,၀၀၀)နှင့် ဖိလစ်ပိုင်နိုင်ငံသို့ တန်ချိန်ပေါင်း (၁၃၀,၀၀၀)ကျော် တင်ပို့ခဲ့ကြောင်း၊ မြန်မာနိုင်ငံမှ ဆန်ကွဲများကို နိုင်ငံပေါင်း(၁၀)နိုင်ငံသို့ တင်ပို့လျက်ရှိပြီး တရုတ်နိုင်ငံသို့ တန်ချိန်ပေါင်း (၂၁၀,၀၀၀)။ နယ်သာလန်နိုင်ငံသို့ တန်ချိန်ပေါင်း(၁၆၀,၀၀၀)နှင့် ဘယ်လ်ဂျီယံနိုင်ငံသို့ တန်ချိန်ပေါင်း(၇၉,၀၀၀) တင်ပို့လျက်ရှိပါကြောင်း၊
- ❖ (၂၀၂၀-၂၁)ဘဏ္ဍာနှစ်အတွင်း ကုန်သွယ်ဖက်နိုင်ငံများသို့ မြန်မာ့ဆန်တန်ချိန်စုစုပေါင်း(၂)သန်း၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာသန်း(၇၀၀) တင်ပို့ခဲ့ပါကြောင်း (၂၆.၄.၂၀၂၂)ရက်နေ့တွင် ထုတ်ပြန်ခဲ့သော Global New Light of Myanmar ၏ သတင်းဆောင်းပါးအရ သိရှိရပါသည်။

**ဒေါ်မြတ်ဖူးငုံဦး၊ စိုက်ပျိုးရေးဦးစီးဌာန**

Source: https://www.gnlm.com.mm/market-of-sun-dried-rubber-sheets-likely-to-remain-inactive-in-post-thingyan-period/

### ပြည်တွင်းဈေးကွက်၌ စိန်တလုံးသရက်သီး တစ်ခြင်းလျှင် (၃၅,၀၀၀)ကျပ်အထိ ရရှိလာ

- ❖ ပြည်တွင်းဈေးကွက်တွင် စိန်တလုံးသရက်သီးမျိုး ၁၆ ကီလိုဂရမ်ပါ ခြင်းတစ်ခြင်းလျှင် ကျပ်(၃၅,၀၀၀)ပေါက်ဈေးရှိကြောင်း မြန်မာနိုင်ငံသရက်သီးဈေးကွက်နှင့် နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအသင်း (မန္တလေး)မှ အထွေထွေအတွင်းရေးမှူးဦးကျော်စိုးနိုင်၏ ပြောကြားချက်အရ သိရှိရပါကြောင်း၊
- ❖ ယခုအချိန်တွင် သရက်သီးများဈေးကွက်သို့ စတင်ဝင်ရောက်နေပြီဖြစ်ပြီး စိန်တလုံးသရက်သီးအရွယ်အစားပေါ်မူတည်၍ တစ်ခြင်းလျှင် ငွေကျပ်(၃၀,၀၀၀)မှ ကျပ်(၄၀,၀၀၀) ပေါက်ဈေးရှိပါကြောင်း၊ ဈေးကွက်ထဲတွင် သရက်သီးဈေးနှုန်းတစ်ခြင်းလျှင် (၃၅,၀၀၀)ကျပ်ရှိကြောင်း၊ Online ဈေးကွက်များတွင် တစ်ခြင်းလျှင် (၄၀,၀၀၀)ကျပ်ရှိကြောင်း၊
- ❖ လေပြင်းတိုက်ခတ်မှုကြောင့်ယခုနှစ်သရက်သီး အထွက်နှုန်းထိခိုက်ခဲ့ကြောင်း၊ ဆည်ရေပေးဝေမှု နည်းပါးခြင်းနှင့် ကုန်ကျစရိတ်မြင့်မားပြီး သွင်းအားစုအသုံးပြုမှု လျော့နည်းခြင်းတို့ကြောင့် အထွက်နှုန်းနည်းပါးရခြင်းဖြစ်ကြောင်း၊
- ❖ မကြာမီသရက်သီးများ လှိုင်လှိုင်ပေါ်များလာမည်ဖြစ်ပြီး အဆိုပါသရက်သီးများကို ပြည်တွင်းဈေးကွက်ကို ကျော်လွန်၍ ဧပြီလ(၂၇)ရက်နေ့မှစတင်၍ စမ်းသပ်ကာလအနေဖြင့် တရုတ်ဈေးကွက်သို့ တင်ပို့ရောင်းချမည်ဖြစ်ကြောင်း၊
- ❖ မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့ သရက်သီးတင်ပို့ရာတွင် နယ်စပ်ဒေသအချို့တွင် တရုတ်နိုင်ငံ၏ (ကိုဗစ် ၁၉) ကူးစက်ရောဂါထိန်းချုပ်မှုအစီအမံများ (အစားအသောက်ထုပ်ပိုးမှုအတွက် COVID-19 စမ်းသပ်မှု)နှင့် သယ်ယူပို့ဆောင်ရေးစရိတ်စကတို့ကြောင့် နှောင့်နှေးမှုများရှိပြီး စိန်ခေါ်မှုများစွာနှင့် ရင်ဆိုင်နေရကြောင်း၊ ရလဒ်အနေဖြင့် သရက်စိုက်ပျိုးသည့် တောင်သူများသည် လက်ရှိအချိန်တွင် ပြည်တွင်းဈေးကွက်အတွင်းတွင်သာ တင်ပို့ရောင်းချရန် စိတ်အားထက်သန်နေကြကြောင်း ကုန်သည်များထံမှ သိရှိရကြောင်း၊
- ❖ မြန်မာနိုင်ငံတွင် သရက်သီးမျိုးစိတ် (၂၀၀)ခန့်ရှိသည့်အနက် စိန်တလုံး၊ ရွှေဟင်္သာ၊ ပတ္တမြားငမောက်၊ ရင်ကွဲနှင့် မချစ်စု သရက်မျိုးများကို အဓိကစိုက်ပျိုးလျက်ရှိပါကြောင်း၊ နိုင်ငံခြားဈေးကွက်သည် စိန်တလုံးမျိုးကို ပိုမိုကြိုက်နှစ်သက်ကြကြောင်း၊ ဧရာဝတီတိုင်းဒေသကြီးသည် သရက်စိုက်ပျိုးဧကအများဆုံးဖြစ်ပြီး ဧက(၄၆,၀၀၀)ခန့်စိုက်ပျိုးပြီး ကရင်ပြည်နယ်တွင် ဧက(၂၄,၀၀၀)ကျော်၊ ရှမ်းပြည်နယ်တွင် ဧက(၂၀,၄၀၀)ကျော်နှင့် စစ်ကိုင်းတိုင်းဒေသကြီးတွင် ဧက(၂၀,၀၀၀)ကျော် စိုက်ပျိုးထားရှိကြောင်း (၂.၅.၂၀၂၂)တွင် ထုတ်ပြန်ခဲ့သော The Global New Light of Myanmar ကွန်ယက်၏ သတင်းဆောင်းပါးအရသိရှိရပါသည်။

**ဒေါ်စိုးစန္ဒာအောင်၊ စိုက်ပျိုးရေးဦးစီးဌာန**

Source: https://www.gnlm.com.mm/seintalone-mango-fetches-k35000-per-basket-in-domestic-market/#article-title

### ပြည်တွင်းစားအုန်းဆီဈေးနှုန်းသည် ကမ္ဘာ့ဆီဈေးကိုအခြေခံကာ ပြန်လည်မြင့်တက်

- ✓ ပြည်တွင်းစားသုံးဆီစားသုံးမှုသည် တစ်နှစ်လျှင် တန်ချိန်ပေါင်း(၁)သန်းခန့်ရှိပြီး ပြည်တွင်းစားသုံးဆီ ထုတ်လုပ်မှုမှာတန်ချိန်ပေါင်း(၄)သိန်းသာရှိကြောင်း၊ ကမ္ဘာ့စားအုန်းဆီထုတ်လုပ်သည့်နိုင်ငံများ၏ ဈေးနှုန်းများကို အခြေခံ၍ စားအုန်းဆီ ဈေးနှုန်းများမြင့်တက်လာကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအောက်ရှိ စားသုံးဆီတင်သွင်းဖြန့်ဖြူးမှုကော်မတီ၏ ပြောကြားချက်အရ သိရှိရပါကြောင်း၊
- ✓ ကော်မတီသည် နိုင်ငံတကာနှုန်းထားများ ပြောင်းလဲမှုနှင့်အညီ ဈေးကွက်ကို ထိန်းချုပ်ရန် အပတ်စဉ် ရည်ညွှန်းဈေးနှုန်းများကို ထုတ်ပြန်လျက်ရှိကြောင်း၊ သယ်ယူပို့ဆောင်စရိတ်၊ အခွန်အခနှင့် ဘဏ်ဝန်ဆောင်မှုများ အပါအဝင် မလေးရှားနှင့် အင်ဒိုနီးရှား၏ FOB ဈေးနှုန်းများကို အစဉ်မပြတ်စောင့်ကြည့်ကာ စားသုံးဆီများအတွက် လက်ကားဈေးကွက်ရည်ညွှန်း ဈေးနှုန်းများကို အပတ်စဉ်ထုတ်ပြန်လျက်ရှိကြောင်း၊
- ✓ ရန်ကုန်ဈေးကွက်တွင် ဧပြီလ(၂၅)ရက်မှ မေလ(၁) ရက်နေ့အထိ တစ်ပတ်အတွင်း ရည်ညွှန်းဈေးနှုန်းမှာ တစ်ပိဿာလျှင် (၅,၆၂၀)ကျပ်ဖြစ်ကြောင်း၊ မေလ(၈)ရက်အပတ်တွင် ရည်ညွှန်းဈေးမှာ တစ်ပိဿာ(၆,၀၂၅) ကျပ်သို့မြင့်တက်ခဲ့ကြောင်း၊ကိန်းဂဏန်းအားဖြင့် တစ်ပိဿာ(၄၀၀)ကျပ်တိတိ မြင့်တက်ခဲ့ကြောင်း၊

- ✓ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ စားသုံးဆီရောင်းလိုအားအပေါ် စားသုံးသူများ စိတ်ပူပင်မှုမရှိစေရေး ကြိုးပမ်းလျက်ရှိကြောင်း၊ ဝန်ကြီးဌာနမှ စားသုံးဆီဖူလုံမှု ရှိစေရန်၊ စားသုံးသူများကို သင့်တော်သောဈေးနှုန်းများဖြင့် ရောင်းချနိုင်ရန်အတွက် ကြီးကြပ်ကွပ်ကဲရန်၊ ဈေးနှုန်းများ တည်ငြိမ်မှုရှိစေရန်နှင့် ဈေးနှုန်းများခြယ်လှယ်ခြင်းများကို ကာကွယ် နိုင်ရန်တို့အတွက် ကြိုးပမ်းလျက်ရှိကြောင်း၊
- ✓ အဆိုပါ လက်လီလက်ကားရောင်းချသူများအနေဖြင့် ဈေးပိုသတ်မှတ်ခြင်း၊ ကုန်ပစ္စည်းများကို ရည်ရွယ်ချက်ရှိရှိ သိမ်းဆည်းကာဈေးကွက်တွင်ခြယ်လှယ်ရန် မသမာသော နည်းလမ်းဖြင့်ကြိုးပမ်းပါက အထူးကုန်စည်ခွန်ဥပဒေအရ အရေးယူခံရမည်ဖြစ်ကြောင်း ဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားကြောင်း၊
- ✓ စားအုန်းဆီသိုလှောင်ကန်တွင် စားအုန်းဆီတန်ချိန်ပေါင်း(၃၁,၀၉၀.၀၈)တန် (ပိဿာပေါင်း၁၉.၀၃သန်း) ရှိနေသေးကြောင်း၊ ထိုပမာဏမှာ ပြည်တွင်းဈေးကွက်တွင် လုံလောက်သည့် ပမာဏဖြစ်ကြောင်း၊ ဦးစီးဌာနအနေဖြင့် ပြည်နယ်နှင့်တိုင်းဒေသကြီးများသို့ စားအုန်းဆီများ နေ့စဉ်ဖြန့်ဖြူးလျက်ရှိကြောင်း၊ ပြည်ပနိုင်ငံများမှ စားအုန်းဆီတင်သွင်းမှုမှာ ပုံမှန်လည်ပတ် လျက်ရှိကြောင်း ဧပြီလ(၂၅)ရက်နေ့ရက်စွဲဖြင့် ဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ တွေ့ရှိရကြောင်း၊
- ✓ ပြည်တွင်းစားသုံးဆီစားသုံးမှုသည် တစ်နှစ်လျှင် တန်ချိန်ပေါင်း ၁ သန်းခန့်ရှိကြောင်း၊ ပြည်တွင်းဆီစားသုံးမှုမှာ တန်ချိန်ပေါင်း (၄)သိန်းသာရှိကြောင်း၊ ပြည်တွင်းဆီဖူလုံမှုရှိစေရန် တန်ချိန်ပေါင်း(၇၀၀,၀၀၀)ခန့်ကို မလေးရှားနှင့်အင်ဒိုနီးရှားမှ နှစ်စဉ်တင်သွင်းလျက်ရှိပါကြောင်း (၄.၅.၂၀၂၂) ရက်နေ့တွင် ထုတ်ဝေခဲ့သော The Global New Light of Myanmar ကွန်ရက်၏ သတင်းဆောင်းပါးအရသိရှိရပါသည်။

**ဒေါ်မြတ်ဖူးငုံဦး၊ စိုက်ပျိုးရေးဦးစီးဌာန**

Source: https://www.gnlm.com.mm/domestic-palm-oil-price-rallies-tracking-global-oil-prices/

# ပြည်ပသတင်းများ

## သစ်သီးဝလံများကို အခြောက်ခံပြုပြင်ထုတ်လုပ်ခြင်းလုပ်ငန်းသည် သီရိလင်္ကာသရက်စိုက်ပျိုးသူများအတွက်လုပ်ငန်းကောင်းတစ်ခုဖန်တီးပေးနိုင်ခဲ့

- ➢ ကမ္ဘာတစ်ဝှမ်းတွင် Covid-19 ဂယက်ရိုက်မှုကြောင့် ပြည်တွင်းနှင့်ဒေသတွင်းနှောင့်နှေးမှုများနှင့် နိုင်ငံတကာကုန်စည်ပို့ဆောင်ခဈေးနှုန်းကြီးမြင့်မှုများ ဖြစ်ပေါ်လျက်ရှိပြီး ကုန်စိမ်းဈေးကွက်တွင် အဟန့်အတားများ ဆက်လက်ဖြစ်ပေါ်နေပြီး ရလဒ်အနေဖြင့် နိုင်ငံတကာသင်္ဘောတင်ချိန်နှင့် ပို့ဆောင်ခနှုန်းထားများကို မှီခိုနေရသော ကုန်စိမ်းကုမ္ပဏီများသည် ၎င်းတို့၏ထုတ်ကုန်များကို အစားထိုးပုံစံများဖြင့် ဥရောပနှင့် အမေရိကန်ရှိ အခြားပို့ကုန်ဈေးကွက်များသို့ ရောင်းချရန်အတွက် ပြုပြင်ထုတ်လုပ်သည့် စက်ရုံများတွင် ရင်းနှီးမြှုပ်နှံလာကြကြောင်း၊
- ➢ သီရိလင်္ကာမှ Mangiferaသည် ထိုကုမ္ပဏီများထဲမှ တစ်ခုအပါအဝင်ဖြစ်ပြီး သီရိလင်္ကာမှ သရက်သီး ထုတ်လုပ်သူနှင့်တင်ပို့သူများသည် AIM Heat Pump ငွေ့ရည်ဖွဲ့ အခြောက်ခံနည်းပညာကဏ္ဍတွင် မကြာသေးမီက ရင်းနှီးမြှုပ်နှံခဲ့ကြောင်း၊
- ➢ ၎င်းတို့ကုမ္ပဏီသည် ပုဂ္ဂလိကကုမ္ပဏီဖြစ်ပြီး သီရိလင်္ကာတွင် သရက်စိုက်ပျိုးမှုကို ဦးဆောင်နေကြောင်း၊ နိုင်ငံတကာဈေးကွက်အတွက် သရက်ကိုစိုက်ပျိုးပြီး ဒူဘိုင်း၊ ဂျာမနီနှင့် မော်လ်ဒိုက်သို့တင်ပို့ကြောင်း၊ ၎င်းတို့ သရက်သီးများသည် GAP အသိအမှတ်ပြုလက်မှတ်များ ပါရှိပြီး ခေတ်မီရိတ်သိမ်းချိန်လွန်အလေ့အကျင့်များဖြင့် ရင်းနှီးမြှုပ်နှံထားသည်ဟု သိရှိရကြောင်း၊
- ➢ ၎င်းတို့၏လုပ်ငန်းသစ်သည် ကမ္ဘာ့ဈေးကွက်သို့ သစ်သီးဝလံအခြောက်များတင်ပို့ရန်ဖြစ်ကြောင်း၊ ထုတ်ကုန်များကို အမေရိကန်၊ ဥရောပနှင့် ဒူဘိုင်းနိုင်ငံအသီးသီးသို့ မိတ်ဆက်ပေးရန်စီစဉ်နေကြောင်း၊ ကုမ္ပဏီအနေဖြင့် သရက်သီး၊ ငှက်ပျောသီးနှင့် သင်္ဘောသီးတို့အပြင် နာနတ်သီးနှင့်ပိန္နဲသီးများကိုပါ အခြောက်ပြုလုပ်လျက်ရှိကြောင်း သိရှိရပါသည်။
- ➢ လက်ရှိကာလတွင် ၎င်းတို့၏သရက်သီးလုပ်ငန်းသည် ကုန်စည်ပို့ဆောင်ခကြီးမြင့်မှုနှင့် သယ်ယူပို့ဆောင်ရေးရွေးချယ်မှုနည်းပါးခြင်းကြောင့် စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရပါကြောင်း၊ သစ်သီးဝလံအခြောက်များနှင့် ဆက်စပ်ထုတ်ကုန်များတွင် ရင်းနှီးမြှုပ်နှံထားကြောင်း၊ စွန့်စားရမှုနည်းပါးပြီးအကျိုးရလဒ်များမြင့်မားကြောင်း၊
- ➢ AIM ၏အပူပေးပန့်နည်းပညာဖြင့် ပိုမိုကောင်းမွန်သော အာဟာရအရည်အသွေးများဖြင့် ရောင်စုံသစ်သီးခြောက်များကို ထုတ်လုပ်လျက်ရှိကြောင်း၊ စက်များသည် အလိုအလျောက် တပ်ဆင်အသုံးပြုနိုင်သည့်စက်များ ဖြစ်ကြောင်း၊ ယခင်ကဆူညံသံရှိသော စံအခြောက်ခံစက်များကိုအသုံးပြုခဲ့ရပြီး ထွက်ရှိလာသော ထုတ်ကုန်များသည်လည်း ဆွဲဆောင်မှုမရှိကြောင်း၊ အာဟာရနှင့် သဘာဝအရောင်ရှိခြင်းသည် နောက်ဆုံးထုတ်ကုန်အတွက် အလွန်အရေးကြီးသော အချက်နှစ်ချက်ဖြစ်ပါကြောင်း၊
- ➢ ပုံမှန်အားဖြင့် ရိတ်သိမ်းပြီးနောက် ထုတ်ကုန်၏ (၃၀) ရာခိုင်နှုန်းသည် အလေအလွင့်ဖြစ်တတ်ကြောင်း၊ သို့သော် အခြောက်ခံနည်းလမ်းများဖြင့် အလေအလွင့်ကို လျှော့ချနိုင်ပြီး အမြတ်ငွေရရှိမှုမြင့်မားကြောင်း၊
- ➢ AIM၏အပူပေးပန့်အခြောက်ခံခြင်းနည်းပညာ၏ နောက်ထပ်အားသာချက်တစ်ခုမှာ သမားရိုးကျအခြောက်ခံစက်များနှင့် နှိုင်းယှဉ်ပါက လျှပ်စစ်ဓာတ်အား (၇၅) ရာခိုင်နှုန်းအထိ သက်သာစေကြောင်း၊ ဒုတိယအချက်မှာ အခြောက်ခံထုတ်ကုန်များ၏ အရည်အသွေးကို ကောင်းမွန်စေကြောင်း၊ အဓိကဈေးကွက်မှာ အမေရိကန်၊ ဥရောပနှင့် ဒူဘိုင်းနိုင်ငံတို့ဖြစ် ကြောင်း (၅.၅.၂၀၂၂)တွင် ထုတ်ပြန်ခဲ့သော Freshplaza ကွန်ယက်၏ သတင်းအချက်အလက်များအရ သိရှိရပါသည်။

**ဒေါ်ကေရီဝင်း၊ စိုက်ပျိုးရေးဦးစီးဌာန**

Source: https://www.freshplaza.com/article/9424414/dehydrated-fruits-make-good-business-for-sri-lanka-mango-grower/

## အင်ဒိုနီးရှားမှ စားအုန်းဆီတင်ပို့မှုအားလုံးကို ရပ်ဆိုင်းထား

- ကမ္ဘာ့အများဆုံး စားအုန်းဆီထုတ်လုပ်သည့် နိုင်ငံဖြစ်သော အင်ဒိုနီးရှားနိုင်ငံသည် ကမ္ဘာ့ဟင်းရွက်ဆီဈေးမတည်ငြိမ်မှုကြောင့် စားအုန်းဆီတင်ပို့မှုကိုပိတ်ပင်ရန် (၂၈.၄.၂၀၂၂)ရက် နေ့တွင် စတင်လိုက်ကြောင်း၊
- အင်ဒိုနီးရှားကျွန်းစုနိုင်ငံသည် ပြည်တွင်းစားသုံးဆီပြတ်လပ်မှုနှင့် ဈေးနှုန်းများ မြင့်တက်လာမှုကို ရင်ဆိုင်နေရပြီး မြို့ကြီးအများစုတွင် စားသုံးသူများသည် လိုအပ်သော ကုန်ပစ္စည်းများကို ထောက်ပံ့မှုနှုန်းထားဖြင့် ဝယ်ယူရန်အတွက် ဖြန့်ဖြူးရေးစင်တာများရှေ့တွင် နာရီပေါင်းများစွာ စောင့်ဆိုင်းနေကြရကြောင်း၊
- အရှေ့တောင်အာရှတွင် လူဦးရေအများဆုံးနိုင်ငံဖြစ်သည့်အတွက် ကုန်ပစ္စည်းရှားပါးမှုနှင့် ဈေးနှုန်းမြင့်တက်လာခြင်းကြောင့် လူမှုရေးတင်းမာမှုများဖြစ်ပေါ်လာမည်ကို အာဏာပိုင်များက စိုးရိမ်နေကြကြောင်း၊
- (၂၇.၄.၂၀၂၂)ရက်နေ့နှောင်းပိုင်းတွင် ဆီထွက်သီးနှံတင်ပို့မှုများသာမကစားသုံးဆီအတွက်ရည်ရွယ်၍ ထုတ်လုပ်ထားသော ပစ္စည်းများတင်ပို့မှုကိုပါ ပိတ်ဆို့သွားမည်ဖြစ်ကြောင်း၊
- စားအုန်းဆီကြမ်းအပါအဝင် ထုတ်ကုန်အားလုံးသည် ကုန်သွယ်ရေးဝန်ကြီးဌာန၏ စည်းမျဉ်းများအောက်တွင် အကျုံးဝင်ပြီး ၎င်းစည်းမျဉ်းများအတိုင်း ကျင့်သုံးမည်ဖြစ်ကြောင်း စီးပွားရေးရာညှိနှိုင်းရေးဝန်ကြီး Airlangga Hartartoမှ ပြောကြားခဲ့ကြောင်း၊
- သမ္မတ JokoWidodo သည် နိုင်ငံတွင်းနေထိုင်သူသန်း(၂၇၀)ကို ထောက်ပံ့ပေးခြင်းသည် ၎င်းအစိုးရအဖွဲ့၏ အမြင့်ဆုံးဦးစားပေးအစီအစဉ်ဖြစ်ခဲ့ကြောင်း၊ ကမ္ဘာ့စားအုန်းဆီ ထုတ်လုပ်မှုအများဆုံးနိုင်ငံဖြစ်ပြီး စားသုံးဆီရရန်အတွက် အခက်အခဲများ ကြုံတွေ့နေရခြင်းမှာ အဆင်မပြေလှကြောင်း၊
- အင်ဒိုနီးရှားနိုင်ငံသည် ကမ္ဘာ့စားအုန်းဆီ၏ (၆၀)ရာခိုင်နှုန်းခန့်ကိုထုတ်လုပ်ပြီး သုံးပုံတစ်ပုံသည် ပြည်တွင်းစားသုံးရန်အတွက် ရောင်းချကြောင်း၊ အိန္ဒိယ၊ တရုတ်၊ ဥရောပသမဂ္ဂနှင့်ပါကစ္စတန်နိုင်ငံများသည် ၎င်းထုတ်ကုန်များကို အဓိက စားသုံးသူများဖြစ်ကြောင်း၊
- နိုင်ငံတကာဈေးနှုန်းမြင့်တက်လာမှုသည် ပြည်ပပို့ကုန်များအတွက် ပိုမိုအကျိုးအမြတ် ရှိစေသောကြောင့် ထုတ်လုပ်သူများသည် ပြည်တွင်းတွင်ရောင်းချကြရန် ဝန်လေးနေကြသဖြင့် ကုန်ပစ္စည်းပြတ်လပ်မှုများ ပိုမိုဆိုးရွားလာစေနိုင်ကြောင်း၊
- မကြာသေးမီရက်သတ္တပတ်များအတွင်း ပြည်တွင်းဈေးကွက်တွင် စားသုံးဆီဈေးနှုန်းသည် တစ်လီတာလျှင် ၁၄,၀၀၀ ရူပီယာ (၁.၈၀ ဒေါ်လာ)အထိ ၇၀ရာခိုင်နှုန်း

ခန့် ကျဆင်းသွားသောကြောင့် ဂျကာတာမှ တင်ပို့မှု ပြန်လည်စတင်ရန် စီစဉ်နေကြောင်း၊

- မကြာသေးမီရက်သတ္တပတ်များတွင် စိုက်ပျိုးရေး အင်အားကြီးနိုင်ငံဖြစ်သော ယူကရိန်းအား ရုရှားမှ ကျူးကျော်ဝင်ရောက်ဝင်ရောက်ပြီးနောက် ဟင်းရွက်ဆီ ဈေးနှုန်းများသည် စံချိန်မီမြင့်တက်ခဲ့သည့် အဓိက စားသောက်ကုန်တစ်ခုဖြစ်သည်ဟု ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့မှ ပြောကြားခဲ့ပါကြောင်း (၂၈.၄.၂၀၂၂)ရက်နေ့တွင် ထုတ်ပြန်ခဲ့သော FRANCE 24 ကွန်ယက်၏ သတင်းဆောင်းပါးအရသိရှိရပါသည်။

**ဒေါ်ဟေမာန်အောင်မင်း၊ စိုက်ပျိုးရေးဦးစီးဌာန**

Source: https://www.google.com/url?sa=t&source=web&rct=j&url=https://amp.france24.com/en/live-news/20220428-indonesia-suspends-all-exports-of-palm-

## ယူကရိန်းပဋိပက္ခများကြောင့် ဓာတ်မြေဩဇာဈေးနှုန်းများ မြင့်တက်လာသည့်အတွက် ဗီယက်နမ် ကော်ဖီစိုက်တောင်သူများသည် ကော်ဖီပင်နှင့် တွဲဖက်စိုက်ပျိုးသော ထောပတ်သီးနှင့် ဒူးရင်းသီးများအား ပိုမိုစိုက်ပျိုးလိုစိတ်ဖြစ်ပေါ်လာ

- တောင်သူများသည် ကော်ဖီသီးနှံနှင့်တွဲဖက်စိုက်ပျိုးသောသီးနှံများမှ အပိုဝင်ငွေများ ရနေသော်လည်း ၎င်းတို့၏ ကော်ဖီစိုက်ပျိုးခြင်းများတွင် ရင်းနှီးမြှုပ်နှံမှုအား ဖြတ်တောက်ထားဆဲဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးမှ ပြောကြားခဲ့ကြောင်း၊
- ယူကရိန်းနှင့် ရုရှားနိုင်ငံတို့မှ ဓာတ်မြေဩဇာပမာဏ အများဆုံးဝယ်ယူလျက်ရှိသော ဗီယက်နမ်နိုင်ငံသည် အသင့်သောက်သုံးနိုင်သည့်ကော်ဖီများနှင့် espressos ကော်ဖီများတွင် အသုံးပြုသည့် ရိုဘတ်စတာ ကော်ဖီမျိုးများကို ကမ္ဘာ့အများဆုံးစိုက်ပျိုးထုတ်လုပ်သည့်နိုင်ငံဖြစ်ကြောင်း၊
- ဗီယက်နမ်နိုင်ငံရှိ ထိပ်တန်းကော်ဖီစိုက်ပျိုးသူများသည် ထောပတ်သီး၊ ငရုတ်ကောင်းနှင့် ဒူရင်းသီးကဲ့သို့သော အမြတ်အစွန်းများများရသည့် သီးနှံများကို စိုက်ပျိုးလျက်ရှိပြီး ၎င်းသည် ယူကရိန်းပဋိပက္ခကြောင့် ဖြစ်ပေါ်လာသော ဓာတ်မြေဩဇာနှင့် လောင်စာဆီ ကုန်ကျစရိတ်များ တစ်ဟုန်ထိုးမြင့်တက်လာမှုကို ရင်ဆိုင်ဖြေရှင်းနိုင်ရန် အထောက်အကူ ပေးလျက်ရှိကြောင်း၊
- ကော်ဖီပင်နှင့် တွဲဖက်စိုက်ပျိုးသောသီးနှံများ (additional crops)မှ အပိုဝင်ငွေများ ရနေသည့်တိုင် တောင်သူများသည် ၎င်းတို့၏ ကော်ဖီပင်များတွင် ရင်းနှီးမြှုပ်နှံမှုအား ဖြတ်တောက်ရန် လိုအပ်နေဆဲ ဖြစ်ကြောင်း၊ ၎င်းသည် လာမည့်ရာသီတွင် ထုတ်လုပ်မှု (၁၀)ရာခိုင်နှုန်းအထိ ကျဆင်းနိုင်ခြေရှိသည်ဟု ဗီယက်နမ်ကော်ဖီနှင့် ကိုကိုးအသင်း၏ ဥက္ကဋ္ဌအသစ် ဖြစ်သူ Nguyen Nam Hai မှ ပြောကြားခဲ့ကြောင်း၊
- ဗီယက်နမ်နိုင်ငံသည် ယူကရိန်း၊ ရုရှားနှင့် ဘီလာရုစ်နိုင်ငံတို့မှ ဓာတ်မြေဩဇာ ပမာဏများစွာဝယ်ယူလျက်ရှိပြီး တောင်သူများသည် လွန်ခဲ့သည့်နှစ်ထက် ဈေးနှုန်းမြင့်မားစွာရရှိသော်လည်း ကုန်ကျစရိတ်မြင့်တက်လာသည့်အတွက် ဈေးကွက်ပေါက်ဈေးမှ အမြတ်အစွန်းများစွာ မရရှိကြကြောင်း၊
- အမေရိကန်စိုက်ပျိုးရေးဦးစီးဌာနမှ သတင်းများအရ (၂၀၂၁-၂၀၂၂)ခုနှစ်အတွင်း ကမ္ဘာ့ကော်ဖီစိုက်ပျိုးမှုအားလုံး၏ ငါးပုံတစ်ပုံနီးပါးသည် ဗီယက်နမ်နိုင်ငံမှ နေရာယူထားခြင်းဖြစ်ပြီး တစ်အိတ်လျှင်(၆၀)ကီလိုပါသည့်အိတ်ပေါင်း(၃၁)သန်းကျော်ခန့်ထွက်ရှိကြောင်း၊
- ရုရှားနှင့် ယူကရိန်းနိုင်ငံတို့သည် ဗီယက်နမ်နိုင်ငံ၏ ကော်ဖီအား အဓိကတင်သွင်းသည့်နိုင်ငံများမဟုတ်သောကြောင့် ရုရှား-ယူကရိန်းပဋိပက္ခသည် ကော်ဖီတင်ပို့မှုများကိုထိခိုက်မှုမရှိသလောက်ဖြစ်နေပြီး ဥရောပသမဂ္ဂဈေးကွက်သို့ အဓိကရောင်းချမှုကိုလည်း ထိန်းသိမ်းထားခြင်းကြောင့် ယခုနှစ်တင်ပို့မှုပမာဏသည် ယခင်နှစ်တင်ပို့မှု ပမာဏဝန်းကျင်ခန့်ရှိနေပြီဖြစ်ကြောင်း၊
- ကော်ဖီဆံများသည် ပြည်ပပို့ကုန်များကို လွှမ်းမိုးထားဆဲဖြစ်ပြီး ဝယ်ယူသူများသည် brand ထုတ်ကုန်များနှင့် Nestle ထုတ်ကုန်များကို အသုံးပြုနေကြခြင်းကြောင့် ဗီယက်နမ်နိုင်ငံ၏ ပြုပြင်ထုတ်လုပ်ထားသော ထုတ်ကုန်များသည် ကမ္ဘာ့ဈေးကွက်သို့ ရောက်ရှိနိုင်မည့် နည်းလမ်းများ ရှာဖွေရန် ကြိုးပမ်းနေရကြောင်း၊
- ပြုပြင်ထုတ်လုပ်ထားသည့်ကော်ဖီထုတ်ကုန်များသည် ယခုနှစ်ကော်ဖီတင်ပို့မှုဝင်ငွေ၏(၁၀)ရာခိုင်နှုန်း အောက်ရှိနေရာမှ လာမည့်(၅)နှစ်အတွင်းတွင် တင်ပို့မှုဝင်ငွေ၏(၂၅)ရာခိုင်နှုန်းအထိ ကိုယ်စားပြုလာနိုင်ရန် ရည်မှန်းထားကြောင်းနှင့် ပြည်တွင်းစားသုံးမှုသည် စုစုပေါင်းရောင်းချမှု၏ (၁၂)ရာခိုင်နှုန်းဖြင့် နှစ်ဆမြင့်မားလာစေရန် မျှော်မှန်းထားကြောင်း (၄-၅-၂၀၂၂) ရက်နေ့တွင် ထုတ်ပြန်သော **www.scmp.com** ၏ သတင်းအချက်အလက်များအရ သိရှိရပါသည်။

**ဒေါ်နွေးနွေးအောင်၊ စိုက်ပျိုးရေးဦးစီးဌာန**

Source: https://economictimes.indiatimes.com/news/economy/agriculture/governments-wheat-procurement-may-fall-by-half-this-season/articleshow/90959725. cms

## ကိုဗစ်-၁၉ အသွားအလာကန့်သတ်မှုများသည် တရုတ်နိုင်ငံ၏ ပြောင်းစိုက်ပျိုးထုတ်လုပ်မှုကို နှောင့်နှေးစေခဲ့

- တရုတ်နိုင်ငံအတွင်းရှိ ပြောင်းအဓိကစိုက်ပျိုးထုတ်လုပ်သောဒေသ၌ သန်းနှင့်ချီသော တောင်သူအများစုသည် ကိုရိုနာဗိုင်းရပ်စ်ကန့်သတ်မှုများကြောင့် မြို့ပြရှိယာယီအလုပ်မှ အိမ်ပြန်ရန်ရုန်းကန်နေရပြီး ပြောင်းစိုက်ပျိုးမှုကို နှောင့်နှေးစေနိုင်သည်ဟု သိရှိရကြောင်း၊
- ကမ္ဘာ့ပြောင်းထုတ်လုပ်မှုနံပါတ်(၂)ဖြစ်သော တရုတ်နိုင်ငံသည် စိုက်ပျိုးရန်နှောင့်နှေးမှုတစ်စုံတစ် ရာကြောင့် ပြောင်းအထွက်နှုန်းကို ထိခိုက်နိုင်ပြီး ပြောင်းဈေးနှုန်းသည်လည်း စံချိန်တင်အဆင့်သို့ ကျဆင်းနေသည့်အပြင် ပဲပုပ်အတွက် အစိုးရ၏ ပံ့ပိုးကူညီမှုများကြောင့် ပြောင်းစိုက်ပျိုးမှုကို လျော့ကျစေနိုင်ကြောင်း၊
- တရုတ်နိုင်ငံ၏ အရှေ့မြောက်ပိုင်းပြည်နယ်များသည် မတ်လအစောပိုင်းတွင် COVID-19 ရောဂါဖြစ်ပွားမှုမြင့်တက်ခဲ့သည့် Jilin ပြည်နယ်တွင် အပြင်းထန်ဆုံးသော အစီအမံများဖြင့် ရက်သတ္တပတ်များအတွင်း သွားလာလှုပ်ရှားမှုဆိုင်ရာ ကန့်သတ်ချက်များနှင့် ရင်ဆိုင်ခဲ့ရကြောင်း၊
- မကြာသေးမီက အစိုးရမှ အဆိုပါပြဿနာကိုဖြေရှင်းရန် ကတိကဝတ်ပြုထားသော်လည်း စပါးစိုက်ပျိုးရန် အရေးကြီးသောအချိန် နီးကပ်လာသည်နှင့်အမျှ အချို့တောင်သူများမှာ အခက်တွေ့နေပြီး စိုးရိမ်မှုများမြင့်တက်လျက်ရှိကြောင်း၊
- ယင်းပြဿနာသည် စားနပ်ရိက္ခာဖူလုံမှုအပေါ် အဓိကဦးစားပေးမှုနှင့် တင်းကျပ်သော Zero-COVID မူဝါဒကို ဟန်ချက်ညီအောင်ထိန်းညှိရာတွင် တရုတ်နိုင်ငံအတွက် စိန်ခေါ် မှုကို မီးမောင်းထိုးပြနေကြောင်း၊
- သယ်ယူပို့ဆောင်ရေးကန့်သတ်ချက်များကြောင့် ဒေသတွင်းသို့ ဓာတ်မြေဩဇာ ထောက်ပံ့မှုများ ပြတ်တောက်ခဲ့ပြီး တောင်သူများသည် သီးနှံအာဟာရအပြင် ဒီဇယ်နှင့် အခြားစရိတ်စကများ စံချိန်တင်ဈေးနှုန်းများနှင့် ရင်ဆိုင်နေရကြောင်း၊
- ထောင်ပေါင်းများစွာသော တောင်သူများသည် ၎င်းတို့၏ မကျေနပ်ချက်များကို ထုတ်ဖော်ရန် ဆိုရှယ်မီဒီယာပေါ်သို့ ရောက်ရှိလာချိန်တွင် Jilin အစိုးရသည် အထူးသယ်ယူပို့ဆောင်ရေးကို စီစဉ်ရန် စတင်လာခဲ့ကြောင်း၊
- တရုတ်နိုင်ငံရှိ လုပ်ကွက်ငယ်တောင်သူများသည် ဆောင်းရာသီတွင် လယ်ယာလုပ်ငန်းများသိမ်းသောအခါတွင် မြို့ကြီးများတွင် လက်လုပ်လက်စား အလုပ်များလုပ်လေ့ရှိကြောင်း၊ သောင်တင်နေသည့် တောင်သူတစ်သိန်းနီးပါးသည် ဧပြီလ(၁၀)ရက်နေ့ နောက်ဆုံးထား၍ နေရပ်သို့ပြန်သွားကြကြောင်း ဒေသဆိုင်ရာ အာဏာပိုင်များထံမှ သိရှိရကြောင်း၊
- စိုက်ပျိုးမှုမှာ အနည်းငယ်နှောင့်နှေးသော်လည်း အကျိုးသက်ရောက်မှုကြီးကြီးမားမား ရှိလာနိုင်မည်မဟုတ်ကြောင်း Glaceir Farm Media https:// www. producer.com/ ကွန်ယက်၏ သတင်းအချက်အလက်များအရသိရှိရပါသည်။

**ဒေါ်ကေရီဝင်း၊ စိုက်ပျိုးရေးဦးစီးဌာန**

Source: https://www.producer.com/markets/covid-19-lockdowns-could-delay-chinese-corn/

## အိန္ဒိယနိုင်ငံသည် စားသုံးဆီဈေးနှုန်းများ မြင့်တက်နေမှုကို လျော့ကျစေရေးအတွက် အခွန်လျှော့ချရန်စီစဉ်လျက်ရှိ

- အင်ဒိုနီးရှား၏ စားအုန်းဆီတင်ပို့မှုကို ပိတ်ပင်လိုက်ခြင်းကြောင့် ဈေးနှုန်းများ တဟုန်ထိုး မြင့်တက်သွားခြင်းနှင့် ယူကရိန်းနိုင်ငံတွင် ပဋိပက္ခဖြစ်ပြီးနောက် ဒေသတွင်း စားသုံးဆီဈေး မြင့်တက်မှုကိုလျော့ကျနိုင်ရန် အိန္ဒိယနိုင်ငံသည် အချို့သောစားသုံးဆီများအပေါ် အခွန်လျှော့ချမှုများဆောင်ရွက်ရန်အစီအစဉ်များ ရေးဆွဲလျက်ရှိကြောင်း၊

- ကမ္ဘာ့ဟင်းသီးဟင်းရွက်ဆီ တင်သွင်းမှု အများဆုံးနိုင်ငံဖြစ်သည့် အိန္ဒိယနိုင်ငံသည် စားအုန်းဆီကြမ်းတင်သွင်းမှုကို (၅)ရာခိုင်နှုန်းလျှော့ချရန် ရည်မှန်းထားကြောင်းနှင့် အခွန် ပမာဏသစ်ကို ညှိနှိုင်းနေဆဲဖြစ်ကြောင်း၊
- စားအုန်းဆီနှင့်ပဲပုပ်ဆီဈေးနှုန်းများသည် ရောင်းလိုအားအပေါ်တွင် စိုးရိမ်ပူပန်မှုများကြောင့် တဟုန်ထိုးမြင့်တက်လျက်ရှိကြောင်း၊ အိန္ဒိယနိုင်ငံ၏ ပြည်တွင်းစားသုံးဆီလိုအပ်ချက် (၆၀)ရာခိုင်နှုန်းသည် တင်သွင်းမှုအပေါ်မှီခိုနေရသောကြောင့် ဟင်းသီးဟင်းရွက်ဆီ ဈေးနှုန်းများ မြင့်တက်လာခြင်းကို ခံနိုင်ရည်မရှိကြောင်း၊
- ယူကရိန်းကို ရုရှားမှ ကျူးကျော်ပြီးနောက် နေကြာဆီတင်ပို့မှုကို ပိတ်လိုက်ခြင်းနှင့် စားသုံးဆီအများဆုံးတင်ပို့သည့် အင်ဒိုနီးရှားနိုင်ငံသည် ၎င်း၏ပြည်တွင်းဈေးကွက်ကို ကာကွယ်ရန် စားအုန်းဆီတင်ပို့မှုကို တားမြစ်လိုက်ခြင်းတို့ကြောင့် ဈေးနှုန်းမှာ လွန်ခဲ့သော (၂)နှစ်ကထက် မြင့်တက်လာခဲ့ကြောင်း၊
- အိန္ဒိယနိုင်ငံသည် စားအုန်းဆီ၊ ပဲပုပ်ဆီနှင့် နေကြာဆီများအပေါ် တင်သွင်းခွန်များ လျှော့ချခြင်းနှင့် သိုလှောင်မှုတားဆီးရန် သိုလှောင်မှုကန့်သတ်ခြင်းများဖြင့် ဈေးနှုန်းလျှော့ကျစေရန် ကြိုးပမ်းခဲ့ကြောင်း၊ အစိုးရသည် ပြည်တွင်းရောင်းလိုအားကို မြင့်မားလာစေရန် အသီးအနှံဆီများဖြစ်သော Canolaဆီ၊ သံလွင်ဆီ၊ ဖွဲဆီနှင့် ဆီအုန်းအဆံဆီများအပေါ်တွင် ယခုအခါ တင်သွင်းခွန်ကို (၃၅)ရာခိုင်နှုန်းမှ (၅)ရာခိုင်နှုန်းသို့ လျှော့ချရန် ကြိုးပမ်းနေကြောင်း (၅.၅.၂၀၂၂)ရက်နေ့တွင် ထုတ်ပြန်ခဲ့သော The Economics Times သတင်းဆောင်းပါးမှ သိရှိရပါသည်။

**ဒေါ်စိုးစန္ဒာအောင်၊ စိုက်ပျိုးရေးဦးစီးဌာန**

Source: https://economictimes.indiatimes.com/industry/cons-products/food/india-plans-to-cut-taxes-on-edible-oils-to-cool-surging-prices/articleshow/ 91344262.cms

## ၂၀၂၂ ခုနှစ်၊ မေလပထမ(၁၅)ရက်အတွင်း ဆန်ဈေးနှုန်းများ

| အမျိုးအမည် | ဈေးကွက်ပေါက်ဈေး (ကျပ်/ အိတ်-၃၀ပိဿာ-တစ်တင်းခွဲ) | | | | |
|---|---|---|---|---|---|
| | နေပြည်တော် | ရန်ကုန် | မန္တလေး | စစ်ကိုင်း | ဧရာဝတီ |
| မနောသုခ | ၃၂၀၀၀ | ၃၅၀၀၀ | ၃၂၅၀၀ | ၄၀၀၀၀ | ၃၁၀၀၀ |
| ဆင်းသုခ | ၃၂၀၀၀ | ၃၃၀၀၀ | ၃၅၅၀၀ | ၄၀၀၀၀ | ၃၁၀၀၀ |
| ဧရာမင်း | ၄၆၀၀၀ | ၃၃၀၀၀ | ၄၉၀၀၀ | ၄၈၀၀၀ | ၃၄၀၀၀ |
| ပေါ်ဆန်း | ၆၄၀၀၀ | ၄၉၀၀၀ | ၆၈၀၀၀ | ၅၅၀၀၀ | ၅၂၀၀၀ |

## ၂၀၂၂ ခုနှစ်၊ မေလပထမ(၁၅)ရက်အတွင်း စားသုံးဆီဈေးနှုန်းများ

| အမျိုးအမည် | ဈေးကွက်ပေါက်ဈေး (ကျပ်/ ပိဿာ) | | | | |
|---|---|---|---|---|---|
| | နေပြည်တော် | ရန်ကုန် | မန္တလေး | မကွေး | စစ်ကိုင်း |
| မြေပဲဆီ | ၁၀၀၀၀ | ၁၂၀၀၀ | ၁၀၀၀၀ | ၉၀၀၀ | ၁၀၀၀၀ |
| နှမ်းဆီ | ၁၀၀၀၀ | ၁၁၀၀၀ | ၈၈၀၀ | ၉၅၀၀ | ၁၀၀၀၀ |
| နေကြာဆီ | ၉၅၀၀ | ၁၁၀၀၀ | ၈၈၀၀ | ၈၀၀၀ | ၈၀၀၀ |
| စားအုန်းဆီ | ၈၅၀၀ | ၆၈၀၀ | ၇၀၀၀ | ၈၀၀၀ | ၆၀၀၀ |

## ၂၀၂၂ ခုနှစ်၊ မေလပထမ(၁၅)ရက်အတွင်း စိုက်ပျိုးရေးသွင်းအားစုဈေးနှုန်းများ

### ဓါတ်မြေဩဇာ

| အမျိုးအမည် | ဈေးကွက်ပေါက်ဈေး (ကျပ်/ အိတ်-၅၀ကီလို) | | | | |
|---|---|---|---|---|---|
| | နေပြည်တော် | ရန်ကုန် | စစ်ကိုင်း | ဧရာဝတီ | ရှမ်း |
| **ယူရီးယား** | | | | | |
| - မြင်းပျံ | ၈၅၀၀၀ | ၁၀၁၀၀၀ | ၉၅၀၀၀ | ၉၅၀၀၀ | ၈၉၀၀၀ |
| - ရွှေတောင် | ၈၀၀၀၀ | ၉၈၀၀၀ | ၉၂၀၀၀ | ၉၃၀၀၀ | ၈၆၀၀၀ |
| - ဩဘာ/ ကောမက် | ၈၀၀၀၀ | ၉၈၀၀၀ | ၉၉၀၀၀ | ၉၅၀၀၀ | ၈၆၀၀၀ |
| - ရွှေနဂါး | ၈၅၀၀၀ | ၁၀၂၀၀၀ | ၉၅၀၀၀ | ၉၄၀၀၀ | - |
| - ဝိစာရ | ၇၅၀၀၀ | ၉၈၀၀၀ | ၉၅၀၀၀ | ၉၆၀၀၀ | ၈၇၀၀၀ |
| **တီစူပါ** | | | | | |
| - သံကွင်း | - | ၈၉၀၀၀ | ၈၅၀၀၀ | ၈၅၀၀၀ | ၇၅၀၀၀ |
| - အာမို | ၇၀၀၀၀ | ၉၂၀၀၀ | ၈၄၀၀၀ | ၉၀၀၀၀ | ၇၅၀၀၀ |
| - ဩဘာ/ ကောမက် | ၇၆၀၀၀ | ၈၉၀၀၀ | ၈၇၀၀၀ | ၇၆၀၀၀ | ၈၂၀၀၀ |
| - ဝိစာရ | ၇၂၀၀၀ | ၈၈၅၀၀ | ၈၄၀၀၀ | - | - |
| **ပိုတက်ရှ်** | | | | | |
| - မာကိုတာ | - | ၈၉၀၀၀ | ၉၅၀၀၀ | ၈၀၀၀၀ | ၇၈၀၀၀ |
| - ဝိစာရ | - | ၇၈၀၀၀ | ၉၅၀၀၀ | - | - |
| - အာမို | ၈၅၀၀၀ | ၈၇၀၀၀ | ၉၇၀၀၀ | ၉၅၀၀၀ | ၇၈၀၀၀ |
| - ဩဘာ | - | ၈၇၅၀၀ | ၉၉၀၀၀ | ၉၀၀၀၀ | - |
| **ကွန်ပေါင်း** | | | | | |
| - ဩဘာ/ ကောမက် | ၈၂၀၀၀ | ၈၇၀၀၀ | ၉၀၀၀၀ | ၉၆၁၀၀ | ၈၂၀၀၀ |
| - အာမို | ၈၂၀၀၀ | ၉၅၀၀၀ | ၉၀၀၀၀ | ၉၆၈၀၀ | ၈၂၀၀၀ |
| - ဝိစာရ | ၈၀၀၀၀ | ၈၅၀၀၀ | ၈၆၀၀၀ | ၉၅၆၀၀ | ၈၂၀၀၀ |
| - ရွှေနဂါး | - | ၈၅၀၀၀ | ၈၄၀၀၀ | ၉၆၀၀၀ | - |
| - သံကွင်း | - | ၈၂၀၀၀ | ၈၄၀၀၀ | ၉၃၀၀၀ | ၈၀၀၀၀ |

### စပါးမျိုးစေ့

| အမျိုးအမည် | ဈေးကွက်ပေါက်ဈေး (ကျပ်/ တင်း-၄၆ပေါင်) | | | |
|---|---|---|---|---|
| | နေပြည်တော် | ရန်ကုန် | စစ်ကိုင်း | ဧရာဝတီ |
| မနောသုခ | ၁၇၀၀၀ | - | ၁၃၅၀၀ | ၁၂၀၀၀ |
| ဆင်းသုခ | ၁၇၀၀၀ | ၁၄၀၀၀ | ၁၃၅၀၀ | ၁၂၀၀၀ |
| ဧရာမင်း | ၂၀၀၀၀ | ၁၄၀၀၀ | ၁၆၀၀၀ | ၁၂၀၀၀ |
| ပေါ်ဆန်း | ၁၈၀၀၀ | ၁၇၀၀၀ | ၁၇၀၀၀ | ၁၅၀၀၀ |

## မြန်မာ့ပဲမျိုးစုံတင်ပို့မှုအခြေအနေ

### ၂၀၂၂ ခုနှစ် မတ်လစတုတ္ထပတ်နှင့် ဧပြီလပထမပတ်အတွင်း တင်ပို့မှုနှိုင်းယှဉ်ချက်

| ပဲမျိုးစုံ | ရေတွက်ပုံ | တင်ပို့မှု | | |
|---|---|---|---|---|
| | | မတ်လ စတုတ္ထပတ် | ဧပြီလ ပထမပတ် | အတိုး/ အလျှော့ |
| မတ်ပဲ | US$ | ၁၅.၂၅၃ | ၃.၅၆၉ | (-)၁၁.၆၈ |
| | ကီလို | ၂၁၅၁၁.၉၈ | ၄၆၄၆.၂၂၃ | (-)၁၆၈၆၅.၇၅၇ |
| ပဲတီစိမ်း | US$ | ၂၆.၆၈၃ | ၂၃.၁၂ | (-)၃.၅၆၃ |
| | ကီလို | ၃၆၃၄၄.၄၅၂ | ၃၀၀၇၈.၁၀၅ | (-)၆၂၆၆.၃၄၇ |
| ပဲစဉ်းငုံ | US$ | ၅.၄၂၆ | ၁.၃၅၆ | (-)၄.၀၇ |
| | ကီလို | ၇၈၃၆.၇၇ | ၁၉၂၉.၀၁ | (-)၅၉၀၇.၇၆ |
| ကုလားပဲ | US$ | ၀.၈၃၆ | ၀.၇၃၈ | (-)၀.၀၉၈ |
| | ကီလို | ၁၃၄၅.၀၁ | ၁၁၀၈.၆ | (-)၂၃၆.၄၁ |
| ပဲလွန်းဖြူ | US$ | ၂.၁၉ | ၁.၄၂၃ | (-)၀.၇၆၇ |
| | ကီလို | ၃၄၀၂.၆၅ | ၂၁၇၁.၈၀၂ | (-)၁၂၃၀.၈၅ |
| မြေထောက်ပဲ | US$ | ၃.၄၅၃ | ၂.၉၉၇ | (-)၀.၄၅၆ |
| | ကီလို | ၄၈၀၈.၉၁၈ | ၄၂၁၉.၄၂၇ | (-)၅၈၉.၄၉၁ |
| ထောပတ်ပဲ | US$ | ၀.၂၄၆ | ၀.၃၇ | (+)၀.၁၂၄ |
| | ကီလို | ၂၇၃.၀၀ | ၄၃၄.၀၇ | (+)၁၆၁.၀၇ |
| ပဲယင်း | US$ | ၃.၂၆၅ | ၄.၁၂၉ | (+)၀.၈၆၄ |
| | ကီလို | ၄၇၆၅.၃၁၃ | ၅၄၆၈.၂၀ | (+)၇၀၂.၈၈၇ |
| ပဲကြီး | US$ | ၀.၇၀၃ | ၀.၈၀၄ | (+)၀.၁၀၁ |
| | ကီလို | ၁၀၇၆.၇၃ | ၁၁၆၀.၇၅ | (+)၈၄.၀၂ |
| ပဲကတ္တီပါ (စွန်တာနီ) | US$ | ၀.၃၃၆ | ၀.၂၃၉ | (-)၀.၀၉၇ |
| | ကီလို | ၄၅၇.၉၈၅ | ၃၂၄.၉၆၁ | (-)၁၃၃.၀၂၄ |
| ပဲကတ္တီပါ (စွန်တာပြာ) | US$ | ၀.၁၂၁ | ၀.၀၀ | (-)၀.၁၂၁ |
| | ကီလို | ၁၆၂.၀၀ | ၀.၀၀ | (-)၁၆၂.၀၀ |
| ပဲဖြူကလေး | US$ | ၀.၀၀ | ၀.၀၁၄ | (+)၀.၀၁၄ |
| | ကီလို | ၀.၀၀ | ၂၄.၀၀ | (+)၂၄.၀၀ |
| ဘိုကိတ်ပဲ | US$ | ၁.၁၂၆ | ၁.၂၇ | (+)၀.၁၄၄ |
| | ကီလို | ၁၇၃၀.၅၂ | ၁၈၄၂.၀၀ | (+)၁၁၁.၄၈ |
| မြေပဲ (အခွံပါ) | US$ | ၀.၂၅၅ | ၀.၀၀ | (-)၀.၂၅၅ |
| | ကီလို | ၃၉၄.၃၀၇ | ၀.၀၀ | (-)၃၉၄.၃၀၇ |
| မြေပဲဆံ | US$ | ၁.၀၀ | ၁.၁၈၁ | (+)၀.၂၀ |
| | ကီလို | ၁၂၆၉.၂၉၂ | ၁၂၁၆.၅ | (-)၅၂.၇၉ |
| အခြားပဲ | US$ | ၀.၁၀၇ | ၀.၁၆၀ | (+)၀.၀၅၃ |
| | ကီလို | ၁၈၁.၆၀၄ | ၂၂၅.၃၂ | (+)၄၃.၇၂ |
| စုစုပေါင်း | US$ | ၆၀.၅၃၇ | ၄၁.၃၇ | (-)၁၉.၁၆၇ |
| | ကီလို | ၈၄၇၇၁.၉၀၅ | ၅၄၈၄၈.၉၆၈ | (-)၂၉၉၂၂.၉၃၇ |

Source: ကုန်သွယ်ရေးဦးစီးဌာန၊ MOC မှ ကိန်းဂဏန်းများ အသုံးပြု၍ Trade Section, DoA မှ တွက်ချက်ဖော်ပြထားခြင်းဖြစ်ပါသည်။

စိုက်ပျိုးရေး ဈေးကွက်သတင်းလွှာ
(Agriculture Market Bulletin) Market Information System စိုက်ပျိုးရေးဦးစီးဌာန
ရုံးအမှတ်(၄၃)၊ စိုက်ပျိုးရေးဦးစီးဌာန၊ နေပြည်တော်

*မှာယူမည်ဆိုပါက အမည်၊ လုပ်ငန်း/အဖွဲ့အစည်း၊ ဆက်သွယ်ရန်လိပ်စာတို့နှင့်အတူ ဈေးကွက်သတင်းအချက်အလက်စနစ်ဌာနစိတ်၊ စီမံကိန်းရေးဆွဲစိစစ်သုံးသပ်ရေးဌာနခွဲ၊ စိုက်ပျိုးရေးဦးစီးဌာန၊ ရုံးအမှတ်(၄၃)၊ နေပြည်တော်သို့ ဆက်သွယ်မှာယူနိုင်ပါသည်။

ဖုန်း - ၀၆၇ ၃၄၁၀၅၃၈, Email: doamisppme@gmail.com